မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၁၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကျေးလက်ဒေသအလုပ်သမားများနှင့် တက္ကသိုလ်ဘွဲ့ရများ အလုပ်ရရှိရေးအတွက် လုပ်ငန်းသစ်များ ဖန်တီးထူထောင်ဆောင်ရွက်သွားမည်

ပြည်သူတစ်ရပ်လုံး၏ လူမှုရေးကာကွယ်စောင့်ရှောက်မှုများ ပိုမိုရရှိစေရန်၊ လူမှုဘဝလုံခြုံစိတ်ချရစေရန် အလုပ်သမားများနှင့် အလုပ်ရှင်များအားလုံး နိုင်ငံတော်နှင့်အတူ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၁

၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၂ ခုနှစ် အလုပ်သမားနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အလုပ်သမားနေ့အခမ်းအနားတွင် အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ စုံညီစွာတက်ရောက်နိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားလိုပါကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့အစည်းများတို့သည် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားမြင့်မားရေး အတူတကွလက်တွဲပြီး လုပ်ဆောင်ကြရမည့် မိတ်ဖက်အဖွဲ့အစည်းများပင် ဖြစ်ကြပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ❐

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ


ဝမ်းဝေါထရိတ်စ်စင်တာ မိုးပျံအဆောက်အအုံ နယူးယောက်မြို့၌ အမြင့်ဆုံးဖြစ်လာ စာ-၄

အာဂျင်တီးနားသမ္မတနှင့် နိုင်ငံပိုင်ရေနံမြေ စာ-၅



မန်ယူတို့ ရှုံးပွဲကြုံပြီး ဖလားမျှော်လင့်ချက်မှေးမှိန် စာ-၁၁

အဝါရောင်လွင်ပြင်မှ အစိမ်းရောင်လွင်ပြင်သို့ ပြောင်းလဲစေခဲ့သော သဘာဝရေလျှံတွင်းများ

သတင်းဆောင်းပါး
တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း-ကိုထွေး

ပျော်ဘွယ် မေ ၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်အတွင်း ပါဝင်သော ပျော်ဘွယ်-ဘုရားငါးဆူဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းအတွင်းတည်ရှိပြီး စိုက်ပျိုးရေ ဖူလုံစွာမရခြင်း၊ မြေပေါ်ရေအရင်းအမြစ်နည်းပါးခြင်းတို့ကြောင့် မိုးရွာသွန်းမှုပုံမှန်မရှိသောကာလများ (Drought Period)တွင် သီးနှံများ စိုက်ပျိုးနိုင်ခြင်းမရှိခဲ့ချေ။ ပျော်ဘွယ်-ဘုရားငါးဆူဒေသသည် ပျော်ဘွယ်မှ တောင်ကြီးမြို့သို့သွားသော ကားလမ်းတစ်လျှောက် ပျော်ဘွယ်မှ ဘုရားငါးဆူကျေးရွာအထိ ပါဝင်သည်။ *စာမျက်နှာ ၇ ကော်လံ ၁* ✻

ပျော်ဘွယ်-ဘုရားငါးဆူဒေသတွင် စက်ရေတွင်းများမှ ထွက်ရှိသောရေဖြင့် နွေစပါး၊ မိုးစပါး သာမက အခြားသီးနှံဖြစ်သည့် ငရုတ်ပင်များပါ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရစဉ်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မေ ၂ ရက်)

သင်ခန်းစာယူတတ်ကြပါစေ

"ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်။ ဇာတ်သမားပြန်လျှင် မှတ်သားစရာ ကျန်ရမည်" ဟူသောစကားကို လူတိုင်းနီးပါး ကြားဖူးကြပေလိမ့်မည်။ မြန်မာ့ဇာတ်သဘင်လောက ရှင်သန်ထွန်းကားစဉ် ရှေးအခါက ဇာတ်ဆရာ၊ ဇာတ်သမားတို့၏ ပြောဆိုလေ့ရှိသော ဆိုရိုးစကားပင်ဖြစ်၏။ မြန်မာ့ဇာတ်သဘင်များ ရွာစဉ်နယ်လျှောက် လှည့်လည်ဖျော်ဖြေစဉ် ၅၅၀ ဇာတ်နိပါတ်တော်များ ခင်းကျင်းကပြခြင်းဖြစ်၍ သိစရာ၊ မှတ်စရာ၊ ဗဟုသုတရစရာ အနည်းဆုံးတစ်ခုခုကျန်ခဲ့၏။

ယနေ့ခေတ်သည်ကား ထိုသို့မဟုတ်။ ဇာတ်ဆရာ၊ ဇာတ်သမားတို့သည် ကိုယ်တိုင်နယ်လှည့်ဖျော်ဖြေခြင်းကားနည်းပြီ။ အီလက်ထရွန်နစ်နည်းပညာများ ရှင်သန်ထွန်းကားလာသည်နှင့်အမျှ သူတို့ကိုယ်စား ရုပ်သံချန်နယ်များ၊ စီဒီများမှတစ်ဆင့် ဧည့်ခန်းများအရောက် ဝင်ရောက်အသုံးတော်ခံ ဖျော်ဖြေသမှု ပြုကြကုန်၏။ ကက်ဆက်၊ ရေဒီယိုတစ်ခေတ်ကို ကျော်လွန်ပြီး ဗွီစီဒီ၊ ဒီဗွီဒီခေတ် ရှင်သန်လာ၏။ရုပ်သံချန်နယ်အမျိုးမျိုး မှိုလိုပေါက်လာ၏။ ကြည့်စရာ၊ ရှုစရာ၊ အပန်းဖြေစရာများ ပေါလာ၏။ လောကအလင်း လောကမျက်စိသည် ပို၍ပင်ကျယ်လာ၏။

ဇာတ်သဘင်ခေတ်က ဤ၍ဤမျှ ဗဟုသုတရစရာများပေးနိုင်သည်ဆိုလျှင် ယနေ့ အီလက်ထရွန်နစ်ခေတ်တွင် ပို၍ပင်ပေးနိုင်လိမ့်မည်ဟု ထင်၏။ ရုပ်သံချန်နယ်အမျိုးမျိုးတို့သည်ကား ဖျော်ဖြေပေးရန်၊ ပညာပေးရန်၊ သုတပေးရန် ဟူသော အစီအစဉ်ကောင်းများစွာဖြင့် ထုတ်လွှင့်ပြသပေးနေ၏။ အထူးသဖြင့် ရုပ်သံဇာတ်လမ်းတွဲများ မပါမပြီး ထုတ်လွှင့်ပြသပေးနေ၏။

ပြည်တွင်းပြည်ပရုပ်ရှင်ကားများ အပါအဝင် ကိုရီးယား၊ တရုတ်၊ အိန္ဒိယစသည်ဖြင့် ရုပ်သံဇာတ်လမ်းတွဲများ ပြသပေးနေ၏။ ဤဇာတ်ကား၊ ဇာတ်လမ်းတွဲများသည် ဖျော်ဖြေမှုသက်သက်မဟုတ်ဘဲ သင်ခန်းစာယူစရာ၊ ဗဟုသုတရစရာများပါ၏။

ရုပ်ရှင်၊ သဘင်၊ ဂီတ ဟူသည် လူ့ဘောင်လောက ကြီးပွားတိုးတက်ရေးအတွက် ဖော်ဆောင်ပေးနိုင်စွမ်းရှိ၏။ သုတ၊ ရသ သင်ခန်းစာများပေး၏။ အထူးသဖြင့် နိုင်ငံခြားဇာတ်လမ်းတွဲများတွင် ရယ်စရာမောစရာ၊ အပန်းဖြေစရာ သက်သက်မဟုတ်ဘဲ သင်ခန်းစာယူစရာများ ပါဝင်နေသည်ကို ကြည့်ဖူးသူတိုင်း သတိပြုမိကြပေလိမ့်မည်။ ရည်ရွယ်ချက်ကောင်းများစွာဖြင့် ရိုက်ကူးတင်ဆက်ထားသည့် ဇာတ်လမ်းတွဲများဖြစ်သည်။

ရုပ်မြင်သံကြားကြည့်သည်၊ ရုပ်သံဇာတ်လမ်းတွဲများ ကြည့်သည်ဆိုသည်မှာလည်း ကြည့်တတ်ဖို့လိုသေးသည်။ သာမန်ရသခံစားမှုအကြည့်နှင့် ဝေဖန်ပိုင်းခြားတတ်သော အကြည့်ဟူ၍ ရှိ၏။ သာမန်ရသခံစားမှုအကြည့်သည် အပန်းဖြေမှု သက်သက်သာဖြစ်၏။ အချိန်ဖြုန်းတီးရာ ရောက်၏။ ဝေဖန်ပိုင်းခြားတတ်သော အကြည့်သည်ကား ထိုသို့မဟုတ်။ ဇာတ်လမ်း၊ ဇာတ်ကွက်တို့သည် သဘာဝကျမကျ၊ သရုပ်ဆောင်များ၏ ပြုမှုသရုပ်ဆောင်ဟန်များ ယုတ္တိတန်မတန်၊ ပြောဆိုသော စကားများသည် လှပမှု၊ ရှုတမှု ရှိမရှိ ဆိုသည်တို့အပေါ် ဝေဖန်ဆန်းစစ်ကြည့်ရှုကြသည်။ ထိုအထဲမှ ကောင်းသောစကားများကို မှတ်သားရ၏။ သင်ခန်းစာယူစရာများတွေ့လျှင် သင်ခန်းစာယူရ၏။ သို့မှသာ ရုပ်သံဇာတ်လမ်းတွဲများ ကြည့်ရှုရခြင်းအကျိုးနပ်၏။ သို့မဟုတ်ပါမူ အပန်းဖြေမှုသက်သက်သာဖြစ်မည်။ ဘဝအတွက် သင်ခန်းစာကောင်းများရမည်မဟုတ်ပေ။ သို့ပါသောကြောင့် ဝေဖန်ပိုင်းခြားတတ်သော အကြည့်ဖြင့် ကြည့်ရှုကြပြီး အကျိုးရှိသည့် သင်ခန်းစာကောင်းများ ရယူတတ်ကြစေရန် အကြံပြုအပ်ပါသည်။ ။

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းများ မြို့မိမြို့ဖများ ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံရှင်းလင်းပွဲကျင်းပ

နေပြည်တော် မေ ၁

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၂-၂၀၁၃ ခု ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအား မြို့မိမြို့ဖများနှင့် တွေ့ဆုံရှင်းလင်းသည့် အခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က အမှာစကားပြောကြားပြီး စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်နုက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရငွေ၊ သုံးငွေနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို လည်းကောင်း၊ မြို့မိမြို့ဖများက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြသည်။ ထို့နောက် စစ်တွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးရှင်းလင်းကြပြီး ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးလှဟန်က လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့မိမြို့ဖများနှင့်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

သမိုင်းဝင်ဆံတော်ရှင် ဦးဇိနစေတီတော်မြတ်ကြီး မော်တော်ယာဉ်အဆင်းလမ်းသစ်ဖောက်လုပ်

နေပြည်တော် မေ ၁

မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာလှဦးသည် ဧပြီ ၂၇ ရက် မွန်းလွဲပိုင်းက မော်လမြိုင်မြို့ သမိုင်းဝင်ဆံတော်ရှင် ဦးဇိနစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း စေတီတော်မြောက်ဘက် မော်တော်ယာဉ်အဆင်းလမ်း ဖောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနှင့် လုပ်ငန်းကြီးကြပ်မှု ကော်မတီဝင်တို့က ကားလမ်းသစ်ဖောက်လုပ်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ **(အောက်ပုံ)**

အရှည်ပေ ၂၀၀၊ အကျယ် ၁၄ ပေရှိ အဆိုပါ မော်တော်ယာဉ်အဆင်းလမ်းသစ်ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ငွေကျပ်သိန်း ၄၀၀ ကျော် အကုန်ကျခံ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှု ရာခိုင်နှုန်း ၅၀ကျော် ပြီးစီးနေပြီဖြစ်ပြီး အောက်တိုဘာလတွင် ဖွင့်လှစ်နိုင်မည်ဖြစ်သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးသည် စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး၊ ဘုရားဖူးဧည့်သည်များအား ကြည်ဖြူစွာဆက်ဆံရေး၊ အလှူခံပုံးများ စနစ်တကျထားရှိရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆကာကြီးအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် မေ ၁

ဆကာကြီးအသင်း (ရန်ကုန်) ၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကိုဧပြီ ၂၅ ရက် နံနက် ၈ နာရီက ဆကာကြီးမြို့ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ဆကာကြီး အုပ်ချုပ်ရေးမှူး ဦးညီညီထွန်းက နှုတ်ခွန်းဆက် စကားပြောကြားပြီး ဆကာကြီးအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးအောင်မြင့်က အသင်းဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းပါ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဆကာကြီးအသင်း (ရန်ကုန်) ၏ အတွင်းရေးမှူး ဦးအေးကြူ(ဆကာကြီးအေးကြူ)၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မိုးဇော် (ရွှေဘုန်းပွင့်)၊ နယ်မြေကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဦးမြသောင်းတို့က အသင်း၏ လက်ရှိအခြေအနေများနှင့် အသင်းတိုက်ခန်းဖြစ်မြောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သက်ကြီးပူဇော်ပွဲကို ကျင်းပရာ အသက် ၈၀ နှင့် အထက် ဘိုးဘွား ၃၂ ဦးတို့အား အလှူငွေများ၊ ဆေးပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သော ငါးဘာသာဂုဏ်ထူးရှင် မောင်အောင်နိုင်သူ **(အောက်ပုံ)** အပါအဝင် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူ ၁၀ဦးတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ထိုင်းနိုင်ငံ The Federation of Thai Industries တို့ ပူးပေါင်း၍ Seminar and Business Matching on Economic Partnership Among Neighbouring CountriesThai-Myanmarနှင့်Investment Opportunities & Potentials for Thai Entrepreneurs in Myanmarကို ဧပြီ ၂၅ ရက် မွန်းလွဲပိုင်းတွင် အသင်းချုပ်ရုံး၌ကျင်းပသည်။

ဆွေးနွေးပွဲသို့ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ ဦးသောင်းတင်၊ ဦးမြဟန်၊ တွဲဖက်အထွေထွေအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသော တာဝန်ရှိသူများ၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ သံမှူးကြီးMr.Kallayana Vipattipumiprates၊ The Federation of Thai Industries၏ ဥက္ကဋ္ဌ Mr. Payungsak Chartsutipol ၊ ထိုင်းနိုင်ငံမှ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲဖွင့်ပွဲ၌ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးကိုယ်စား သံမှူးကြီး Mr. Kallayana Vippattipumiprates၊ The Federation of Thai Industries ၏ ဥက္ကဋ္ဌ Mr. Payungsak Chartsutipol တို့က အမှာစကားပြောကြားကြသည်။ ထို့နောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ စာတမ်းကို အသင်းချုပ်တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမိုးကျော်က လည်းကောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပါက သိရှိထားရမည့် အချက်အလက်များကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစီးပွားရေးသံမှူး Mr.Prajuab Supinee ကလည်းကောင်း ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးလုပ်ငန်းအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက် ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

ဖျာပုံမြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

ဖျာပုံ မေ ၁

ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အရေးပေါ် ညီလာခံ အတွေ့အကြုံ ရှင်းလင်းပွဲနှင့် မြို့နယ်စာရေးဆရာအသင်း ဖွဲ့စည်းရေး အခမ်းအနားကို ဖျာပုံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ပိုင် ဇော်ဂျီခန်းမ၌ ဧပြီ ၂၉ ရက် ညနေ ၃ နာရီက ကျင်းပရာ ညီလာခံအတွေ့အကြုံများကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်း(သတင်းထောက်အောင်ဝင်း- ဖျာပုံ) က ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စာရေးဆရာအသင်းဖွဲ့စည်းရေးအတွက် တက်ရောက်လာကြသော စာရေးဆရာများက အများသဘောတူဆုံးဖြတ်ချက်အရ သဘာပတိများအဖြစ် ဦးသောင်းညွှန့်(သတင်းထောက်သောင်းညွှန့်-ဖျာပုံ)၊ ဦးမြင့်နိုင် (မောင်ဇမ္ဗူ-ဖျာပုံ)နှင့် ဦးကျော်မြင့် (မောင်ယဉ်မိုး) တို့အား ရွေးချယ်ကြပြီး စာရေးဆရာအသင်းအလုပ်အမှုဆောင်အဖွဲ့ကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ကြရာ ဥက္ကဋ္ဌ ဦးအောင်ဝင်း (သတင်းထောက် အောင်ဝင်း- ဖျာပုံ)၊ အတွင်းရေးမှူးဒေါ်သူဇာနွယ်(သူဇာနွယ်-ဖျာပုံ)နှင့် ဘဏ္ဍာရေးမှူးဦးလှထွန်း (လင်းသစ်)တို့အား ရွေးချယ်ကြပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ဦးအောင်ဝင်း (သတင်းထောက် အောင်ဝင်း-ဖျာပုံ) ကို အများသဘောတူ ရွေးချယ်ခဲ့ကြကြောင်း သိရသည်။ **(ဝဖဖ)**

မီးဖိုမီး
အခြားမီး
သုံးပြီးသတိ
အမြဲရှိ

ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်

မော်လမြိုင်ကျွန်း မေ ၁

မော်လမြိုင်ကျွန်းမြို့ မြို့မ (၁၂)ရပ်ကွက် မိုးညိုကျောင်းလမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီခွဲက မိုးညိုကျောင်းလမ်းထိပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညိုကျောင်းလမ်းကွန်ကရစ်လမ်းသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်လှိုင်နှင့် မြို့မိမြို့ဖဦးကျော်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

အဆိုပါ မိုးညိုကျောင်းလမ်း ကွန်ကရစ်လမ်းသစ်မှာ အလျားပေ ၅၃၀ ရှိပြီး လမ်းအလှူရှင်များနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ် ၇၇ သိန်းဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (ဝဖ၅)

❒ ရှေ့ဖုံးမှ

အလုပ်ရှင်များအနေဖြင့် အလုပ်သမားများ၏ အခွင့်အရေးနှင့် အကျိုးခံစားခွင့်များကို အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ အလုပ်သမားများကလည်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအသီးသီးတွင် ထုတ်လုပ်ဝန်ဆောင်မှုများ အစဉ်တိုးတက်မှုရှိနေအောင် ဆောင်ရွက်ပေးပါမှ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ လူမှုရေးကာကွယ်စောင့်ရှောက်မှု၏ အကျိုးကျေးဇူးများကို ပြည်သူတစ်ရပ်လုံးနှင့် အလုပ်သမား၊ အလုပ်ရှင်များအပါအဝင် နောင်လာနောက်သားများ ခံစားခွင့်ရကြမည်ဖြစ်ပါကြောင်း။

လူမှုရေးကာကွယ်စောင့်ရှောက်မှုဆိုသည်မှာ ယေဘုယျအားဖြင့် လူအများအတွက်-

(၁) ညီညွတ်မျှတသော ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်၊
(၂) မရေရာမသေချာသော လူမှုစီးပွားရေးဘဝများမပေါ်ပေါက်စေရန်နှင့်
(၃) စီးပွားရေးအရရပ်တည်ရန် ခက်ခဲသူများလျော့ပါးသွားစေရန်

စသော လိုအပ်သည့် မူဝါဒများချမှတ်ပေးခြင်းတို့ပင် ဖြစ်ပါကြောင်း၊ ဤကဲ့သို့သော စောင့်ရှောက်မှုသည် မိသားစုဝင်ငွေမလုံလောက်ခြင်းကြောင့် စီးပွားရေးအရ ရပ်တည်ရန်ခက်ခဲနေသူများကို အနိမ့်ဆုံးအနေဖြင့် လူမှုစီးပွားရေးဖူလုံစေခြင်း၊ ကျား/မ အသက်အရွယ်၊ ဘာသာစကား၊ ဘာသာကိုးကွယ်မှုနှင့် လူမျိုးစုစသည့် မတူညီမှုအပေါ် အခြေခံပြီး ခွဲခြားဆက်ဆံခြင်းမျိုး မဖြစ်ပေါ်စေရန် ဖြေရှင်းပေးနိုင်သော အဓိကယန္တရား

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် အလုပ်သမားနေ့အထိမ်းအမှတ်ကျင်းပခဲ့သည့် ကျွမ်းကျင်ပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

လည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လူမှုရေးကာကွယ်စောင့်ရှောက်မှုမူဝါဒကို အဓိကစိန်ခေါ်နေသည့်အချက်များမှာ အလုပ်လက်မဲ့ဖြစ်ခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ အိမ်သုံးပစ္စည်းများဈေးကြီးခြင်းစသည့် စီးပွားရေး၊ ငွေရေးကြေးရေး၊ လူမှုရေးပြဿနာတို့အပြင် သဘာဝကပ်ဘေးဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ ပြဿနာများလည်း အပါအဝင်ဖြစ်ပါကြောင်း။

ကြိုးပမ်းအားထုတ်

မိမိတို့နိုင်ငံတွင် လူမှုဖူလုံရေးစနစ် ရှိပင်ရှိခဲ့ငြားသော်လည်း ပြီးပြည့်စုံသော လူမှုဖူလုံရေးစနစ်မဟုတ်ဘဲ အကျိုးခံစားခွင့်အချို့နှင့် အလုပ်သမားများကို အကန့်အသတ်ဖြင့် အကျုံးဝင်စေသည့် လူမှုကာကွယ်စောင့်ရှောက်မှုမျိုးကိုသာ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ယခုနိုင်ငံသားအားလုံးကိုအကျုံးဝင်စေမည့် လူမှုဖူလုံရေးစနစ်သစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူမှုဖူလုံရေးဥပဒေအသစ်တစ်ရပ် ပြဋ္ဌာန်းပေးနိုင်ရေး ကြိုးပမ်းအားထုတ်လျက်ရှိပါကြောင်း။

ဥပဒေအသစ်ပြဋ္ဌာန်းပြီးပါက နိုင်ငံသားအားလုံးအတွက် ပိုမိုပြည့်စုံသည့် လူမှုရေးကာကွယ်စောင့်ရှောက်မှုများ ခံစားနိုင်ကြတော့မည်ဖြစ်ပါကြောင်း၊ ဥပမာ အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှုဆက်လက်ခံယူခွင့်၊ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားခံစားခွင့်၊ ကျန်ရစ်ခဲ့သူအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့်၊ လူမှုဖူလုံရေးအိမ်ရာနေထိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်စသည့် ခံစားခွင့်များ ရရှိစေမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအများစုသည် ပြည့်စုံကောင်းမွန်သော လူမှုရေးကာကွယ်စောင့်ရှောက်မှုများကို မိမိတို့၏ နိုင်ငံသားများအတွက် ဆောင်ရွက်ပေးနေကြသကဲ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့်လည်း အလားတူ ပြည့်စုံကောင်းမွန်သော လူမှုရေးကာကွယ်စောင့်ရှောက်မှုမျိုးရရှိနိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ဖြစ်နိုင်အောင် နိုင်ငံတွင်ရှိသည့် လူသားအရင်းအမြစ်၊ ဘဏ္ဍာရေးအရင်းအမြစ်၊ သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာအသုံးပြုနိုင်ရေးနှင့် ထင်သာမြင်သာရှိသည့် စီမံခန့်ခွဲမှုစနစ်ပေါ်ပေါက်စေရေးအတွက် သက်ဆိုင်သူအားလုံးတို့က တက်ကြွစွာပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများ၏ ဆွေးနွေးညှိနှိုင်းမှုများနှင့် နိုင်ငံတော်အစိုးရ၏ကြီးကြပ်မှုလုပ်ငန်းစဉ်များ လိုအပ်မည်ဖြစ်ပါကြောင်း။

ရေရှည်အကျိုးကျေးဇူး

ယခုအချိန်အခါတွင် မြန်မာနိုင်ငံသည် ပြည်ပရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းများရှိနေပြီဖြစ်သည့်အတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မှု၊ တစ်ဦးချင်းဝင်ငွေတိုးပွားစေမှု၊ လုပ်ငန်းကျွမ်းကျင်မှုဖွံ့ဖြိုးစေရေးနှင့် နည်းပညာသစ်များ လက်ခံရရှိနိုင်မည့် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာတော့မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်သူအားလုံးသည်လည်း အလုပ်သမားရေးရာဥပဒေ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကြရန်၊ လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ရှိမှုကို နားလည်ကြရန်၊ အလုပ်သမားရေးရာကျင့်စဉ်များ၊ အလုပ်သမားအခွင့်အရေးများ စောင့်ရှောက်ကာကွယ်ပေးခြင်းစသည်တို့ကို တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် အလုပ်သမား၊ အလုပ်ရှင်များအပြင် ပြည်သူလူထုတစ်ရပ်လုံးအတွက်ပါ ရေရှည် အကျိုးကျေးဇူး ပိုမိုဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်တွင် ယခုချမှတ်ဆောင်ရွက်နေသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်သည်လည်း လူမှုရေးကာကွယ်စောင့်ရှောက်မှုကို ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ပါကြောင်း၊ အလုပ်လုပ်လိုသူတိုင်း မိမိ၏အသိပညာ၊ အတတ်ပညာနှင့်ထိုက်တန်သော အလုပ်အကိုင်ရရှိရေးကို ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

မြို့ပြတွင်ရှိသော အလုပ်သမားများ အလုပ်အကိုင်ရရှိရေးအပြင် ကျေးလက်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှ ပိုလျှံလာသည့်လုပ်သားစုများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကိုပါ ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသအလုပ်သမားများနှင့် တက္ကသိုလ်ဘွဲ့ရများ အလုပ်ရရှိရေးအတွက် လုပ်ငန်းသစ်များဖန်တီးထူထောင်နိုင်ရေးကို နိုင်ငံတော်မှ အားပေးဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရက အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၊ စက်မှုနယ်မြေများ၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို တိုးချဲ့တည်ထောင် လုပ်ကိုင်ခွင့်ပေးလျက်ရှိနေခြင်း ဖြစ်ပါကြောင်း။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း Welder Operator ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂)အထွေထွေ အကြီးစားစက်မှုလုပ်ငန်းမှ ဦးမောင် မောင်အား ဂုဏ်ပြုဆုပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ပေါ်လာစေရေးကို ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်မှလည်း အလုပ်သမားများ၏အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုဆိုင်ရာအရည်အချင်းများ တိုးတက်လာစေရန်နှင့် ဒေသတွင်းသာမကဘဲ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျွမ်းကျင်လုပ်သားများအဖြစ် လွတ်လပ်စွာသွားရောက်အလုပ်လုပ်ကိုင်နိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် လုပ်ငန်းအလိုက်ကျွမ်းကျင်မှုစံနှုန်းများကို သတ်မှတ်ပြဋ္ဌာန်းပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း၊ ကျွမ်းကျင်မှုကိုစမ်းသပ်စစ်ဆေးသည့် စစ်ဆေးရေးဌာနများ ဖွင့်လှစ်ပေးခြင်းနှင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းများကို စတင်ဆောင်ရွက်ပေးနေခြင်းသည် ကျွမ်းကျင်မှုအလိုက် သင့်တော်ကောင်းမွန်သော လုပ်ခလစာနှင့်အခွင့်အရေးများ ရရှိခံစားနိုင်ကြရန်အတွက် ရေရှည်မျှော်မှန်းချက်ဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် စနစ်တကျဆောင်ရွက်ပေးနိုင်အောင် ဥပဒေ တစ်ရပ်ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(မူကြမ်း)ကိုလည်း ရေးဆွဲလျက်ရှိပါကြောင်း။

တက်ညီလက်ညီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ရေရှည်တည်တံ့သည့် စီးပွားရေးလုပ်ငန်းပုံစံများ၊ စီးပွားရေးဈေးကွက်များရောက်ရှိလာစေရန်၊ အလုပ်သမားကြီးများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ လူမှုရေးကာကွယ်စောင့်ရှောက်မှုများ ပိုမိုရရှိစေရန်၊ လူမှုဘဝလုံခြုံစိတ်ချရစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အလုပ်သမားများနှင့် အလုပ်ရှင်များအားလုံးကလည်း နိုင်ငံတော်နှင့်အတူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ဖတ်ကြားသည်။

သဝဏ်လွှာဖတ်ကြား

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Juan Somavia ထံမှ ပေးပို့သောသဝဏ်လွှာကို ILO ဆက်သွယ်ရေးအရာရှိ Mr. Steve Marshall က ဖတ်ကြားသည်။

ယင်းနောက် အလုပ်သမားများကိုယ်စား မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအဖွဲ့ချုပ်မှ ဦးစိုးမင်းအောင်က လည်းကောင်း၊ အလုပ်ရှင်များကိုယ်စား အထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ အလုပ်ရှင်ကိုယ်စားလှယ် ဦးမြင့်စိုးကလည်းကောင်း အမှာစကားပြောကြားကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် အလုပ်သမားနေ့ အထိမ်းအမှတ်ကျင်းပခဲ့သည့် ကျွမ်းကျင်ပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအစီအစဉ်ကိုကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက Milling Machine Operator ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) အထွေထွေအကြီးစားစက်မှုလုပ်ငန်းမှ ဦးကျော်ကျော်၊ Welder Operator ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂)အထွေထွေအကြီးစားစက်မှုလုပ်ငန်းမှ ဦးမောင်မောင်၊ Foundry Operator ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) အထွေထွေအကြီးစား စက်မှုလုပ်ငန်းမှ ဦးဇော်လွင်ဦးနှင့် အဆောက်အအုံလက်သမားပြိုင်ပွဲတွင် ပထမဆုရရှိသည့် United Engineering Co., Ltd. မှ ဦးစန်းနိုင်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပိုက်ဆက်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ထက်မြက်ကားစက်ပြင်လုပ်ငန်းမှ ဦးအောင်ဆန်း၊ တွင်ခုံကိုင်တွယ် မောင်းနှင်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဦးညဏ်ဆင့်၊ စက်မှုလက်မှုလုပ်ငန်းမှ ဦးကျော်ဆွေဟန်နှင့် လျှပ်စစ်ပစ္စည်းတပ်ဆင်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် NIBBAN လျှပ်စစ်ပစ္စည်းစက်ရုံမှ ဦးလှမိုးတို့အားလည်းကောင်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က အထည်ချုပ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မေပယ်အထည်ချုပ်စက်ရုံမှ ဦးဝေဖြိုး၊ လျှပ်စစ်ကြိုးသွယ်ခြင်း ပြိုင်ပွဲတွင် ပထမဆုရရှိသည့် KMA Electrical Group မှ ဦးစိုးသူနှင့် မုန့်ဖုတ်လုပ်ငန်းပြိုင်ပွဲ(၃)ယောက်တွဲတွင် ပထမဆုရရှိကြသည့် A&T မုန့်ဖုတ်စက်ရုံမှ ဦးသန်းအောင်၊ ဦးဝင်းထွန်း၊ ဦးမျိုးမောင်တို့အားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက Web Design ပြိုင်ပွဲတွင် ပထမဆုရရှိသည့် Myanmar Links Co. မှ ဦးဥက္ကာ၊ စံပြလုပ်သားဆုရရှိသည့် ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံးမှ ဦးမြစိုးနှင့် လက်သမားပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးမြလွင်တို့အားလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက စက်ဆင်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးသန်းနိုင်ဦး၊ Lathe Machine Operator ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၂) အထွေထွေအကြီးစား စက်မှုလုပ်ငန်းမှ ဦးဝင်းဌေးနှင့် Boring Machine Operator ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) အထွေထွေအကြီးစားစက်မှုလုပ်ငန်းမှ ဦးစောဝင်းထွေးတို့အား လည်းကောင်း၊ ILO ဆက်သွယ်ရေးအရာရှိ Mr. Steve Marshall က ဖိနပ်ချုပ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရွှေမြင့်ဖိနပ်စက်ရုံမှ ဦးအောင်မြိုင်ဦး၊ ကြိမ်ထိုးပြိုင်ပွဲ (နှစ်ယောက်တွဲ)တွင် ပထမဆုရရှိကြသည့် Glorious Family ကြိမ်ပရိဘောဂစက်ရုံမှ ဒေါ်ခိုင်ပပစိုးနှင့် ဒေါ်ဝင်းသန္တာထွန်း၊ Foundry Pattern Maker ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အမှတ်(၁) အထွေထွေအကြီးစားစက်မှုလုပ်ငန်းမှ ဦးစိန်မြင့်တို့အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး အလုပ်သမားနေ့အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခန်းမအတွင်း၌ ပြသထားသော အလုပ်သမားအဖွဲ့အစည်းဥပဒေဆိုင်ရာ ရှင်းလင်းဆွေးနွေးခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း မှတ်တမ်းဓာတ်ပုံများ၊ ပြည်တွင်း ပြည်ပအလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရရှိရေးနှင့် ကျွမ်းကျင်မှုမြှင့်တင်ရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ အလုပ်သမားရေးရာ အငြင်းပွားမှုကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အဓမ္မစေခိုင်းမှုပပျောက်ရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အလုပ်သမားများအပေါ် လူမှုကာကွယ်ရေးဆောင်ရွက်ပေးနေမှုမှတ်တမ်းဓာတ်ပုံများ၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုမှတ်တမ်းဓာတ်ပုံများ၊ ကျွမ်းကျင်မှုပြိုင်ပွဲမှတ်တမ်းဓာတ်ပုံများ၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာများနှင့် ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးနေမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ရှုမြင်ခံစား မြန်မာ့ရုပ်မြင်သံကြား

မြန်မာ့ရုပ်မြင်သံကြား

၂-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	သတ္တဌာန(ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
၇း၂၅	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	နံနက်ခင်းသတင်း

ညပိုင်း

၄း၃၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား
	သင်ခန်းစာ -တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၂၅	**စိတ်အပန်းဖြေစရာ တို့ချောင်းသာ**
၅း၃၅	**ခေတ်(၆)ခေတ် အကပဒေသာ**
၅း၄၅	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၆း၂၀	မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်းများ မိုးလေဝသအခြေအနေ

MRTV-4

၂-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅း၄၀	**အပြုံးလမ်းခွဲနဲ့ အရှုံးလမ်းခွဲ** တရားတော် [ဆရာတော် ဓမ္မဒူတ အရှင်မာဃိန္ဒ]
၈း၂၅	ရန်ကုန်မြင်ကွင်းကျယ် [ရွှေမြန်မာဂျာနယ်နှင့် ရွှေဧရာဂျာနယ်တို့၏မိခင်ကြီး ဒေါ်ခင်ဆန်း (ကျောက္ကာ)ကို ရည်စူး၍ ဆရာတော် ဦးတေဇဝန္တအား သိင်္ကာထပ်မင်္ဂလာနှင့် မဟာဗုဒ္ဓဝင်ပန်းချီကားများ ရေးဆွဲပူဇော်ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနား]
၉း၃၅	အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ (မိုခိုရာရိုက်ကွင်းအမှတ်တရ)
၁၂း၃၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign Of Love (အချစ်သင်္ကေတ) (အပိုင်း-၁)
၄း၄၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၁၀)
၈း၂၀	Show Room (Part-18)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၂၄)
၁၀း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၃၀)
၁း၁၀	**Barclays Premier League Chelsea Vs Newcastle**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ဝမ်းဝေါထရိတ်စ်စင်တာမိုးပျံအဆောက်အအုံ နယူးယောက်မြို့၌ အမြင့်ဆုံးဖြစ်လာ

နယူးယောက် မေ ၁

အမေရိကန်နိုင်ငံနယူးယောက်မြို့မှ အသစ်ပြန်လည်တည်ဆောက်နေသော ဝမ်းဝေါထရိတ်စ်စင်တာမိုးပျံအဆောက်အအုံသည် အင်ပါယာစတိတ်အဆောက်အအုံ၏အမြင့်ကို ကျော်လွန်ကာ နယူးယောက်မြို့၌ အမြင့်ဆုံးမိုးပျံအဆောက်အအုံအဖြစ် ရောက်ရှိလာကြောင်း မေ ၁ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။ (ဓာတ်ပုံ)

တည်ဆောက်

နယူးယောက်မြို့တွင် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က တိုက်ခိုက်ခံခဲ့ရသည့် ဝေါထရိတ်စ်စင်တာအဆောက်အအုံ၏နေရာတွင် ယခုအခါမိုးပျံအဆောက်အအုံသစ် တည်ဆောက်နေရာ အထပ် ၁၀၀ မြောက်ကို ရောက်ရှိတည်ဆောက်လျက်ရှိသည်။

ပြီးစီး

ယခု အသစ်ထပ်မံတည်ဆောက်နေသည့် ဝေါထရိတ်စ်စင်တာအဆောက်အအုံအသစ်၏အမြင့်မှာ တည်ဆောက်မှုပြီးစီးသွားပါက ၁၇၇၆ ပေမြင့်မည်ဖြစ်သည်။ ယင်းအဆောက်အအုံကို ၂၀၀၆ ခုနှစ် ဧပြီလမှစတင်ကာ တည်ဆောက်နေခဲ့ခြင်းဖြစ်သည်။ ၎င်းဝမ်းဝေါထရိတ်စ်စင်တာမိုးပျံအဆောက်အအုံကို စုစုပေါင်းအထပ် ၁၀၄ ထပ်အထိ ဆက်လက်တည်ဆောက်မည်ဖြစ်သည်။

ပိုမိုမြင့်မား

နယူးယောက်မြို့ရှိ ၁၉၇၀ ခုနှစ်က တည်ဆောက်ခဲ့သော အင်ပါယာစတိတ်မိုးပျံအဆောက်အအုံသည် အမြင့်ပေ ၁၂၅၀ရှိရာ ယခုတည်ဆောက်နေသည့် ဝမ်းဝေါထရိတ်စ်စင်တာအဆောက်အအုံက ပေ ၅၀၀ ကျော် ပိုမိုမြင့်မားကြောင်း သတင်း၌ဖော်ပြသည်။ (အင်တာနက်)

ကယ်လီဖိုးနီးယားကမ်းလွန်၌ သင်္ဘောနှင့်ရွက်လှေတိုက်မိ၊ လေးဦးသေဆုံး

ဝါရှင်တန် မေ ၁

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ကမ်းလွန်ရေပြင်တွင် မေ ၁ရက်နံနက်က အပျော်စီးရွက်လှေတစ်စင်းနှင့် သင်္ဘောတစ်စင်းတိုက်မိခဲ့ရာ လေးဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း အမေရိကန်အရာရှိများက သတင်းထုတ်ပြန်သည်။

ဖြစ်ပွားခဲ့

ဖြစ်ပွားမှုမှာ ကယ်လီဖိုးနီးယားပြည်နယ်ကမ်းလွန်မှ မိုင်အနည်းငယ်ခန့်အကွာရေပြင်တွင် အဆိုပါရွက်လှေစီးနင်းနေစဉ် သင်္ဘောများမောင်းနှင်ရာ ရေလမ်းကြောင်းအတွင်း ရောက်ရှိသွားပြီးနောက် သင်္ဘောနှင့်၎င်းရွက်လှေတို့ မတော်တဆတိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ (အပေါ်ပုံ)

ရောက်ရှိသွား

အဆိုပါသင်္ဘောမှာ အရွယ်အစားကြီးမားသော သင်္ဘောဖြစ်ပြီး သေဆုံးသူများမှာ အပျော်စီးရွက်လှေမှဖြစ်သည်။ သင်္ဘောပေါ်မှလည်း သင်္ဘောသားနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ပျောက်ဆုံးနေသူတစ်ဦးကို လိုက်လံရှာဖွေလျက်ရှိကြောင်း အမေရိကန်ကမ်းခြေစောင့်အရာရှိများက ပြောကြားသည်။ ယင်းရွက်လှေမှာ လေပြင်းများတိုက်ခတ်ပြီး ရေလှိုင်းကြီးများဖြစ်ပေါ်ရိုက်ခတ်မှုကြောင့် သတ်မှတ်ထားသော ရေလမ်းကြောင်းအတွင်းမှ ကျော်လွန်ကာ ပင်လယ်ကူးသင်္ဘောများခုတ်မောင်းရာ ရေလမ်းကြောင်းအတွင်း ရောက်ရှိသွားခဲ့ခြင်းကြောင့်ဖြစ်သည်ဟု သတင်း၌ဖော်ပြသည်။ (အင်တာနက်)

နီပေါအရှေ့တောင်ပိုင်း၌ ဗုံးပေါက်ကွဲ၊ လေးဦးသေဆုံး ဒဏ်ရာရသူများ ရဟတ်ယာဉ်ဖြင့်ဆေးရုံပို့

ခတ္တမန္ဒူ မေ ၁

နီပေါနိုင်ငံအရှေ့တောင်ပိုင်းတွင် မေ ၁ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း နီပေါရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ဗုံးပေါက်ကွဲ

ဖြစ်ပွားမှုမှာ မြို့တော်ခတ္တမန္ဒူ၏ အရှေ့တောင်ဘက် ၁၅၅ မိုင်ခန့်အကွာ ဂျာနက်ပူရာမြို့၌ မော်တော်ဆိုင်ကယ်တွင် ချည်နှောင်ထားသောဗုံးမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲသည့်နေရာမှာ ဂျာနက်ပူရာမြို့ရှိ ရုံးအဆောက်အအုံအနီးတွင်ဖြစ်သည်။ (ဓာတ်ပုံ)

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများကို ရဟတ်ယာဉ်ဖြင့်တင်ဆောင်ကာ ခတ္တမန္ဒူမြို့သို့ ကုသရန်တင်ပို့ပေးထားသည်။ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

နီပေါနိုင်ငံတွင် မကြာမီနှစ်များမှစတင်ကာ ဗုံးဖောက်ခွဲတိုက်ခိုက်မှုများပြုလုပ်လျက်ရှိရာ ရဲတပ်ဖွဲ့ဝင်များအား လုံခြုံရေးတိုးမြှင့်ချထားလျက်ရှိသည်။ (အင်တာနက်)

နိုင်ငံတကာသတင်းများ

လစ်ဗျားဝန်ကြီးချုပ်ဟောင်း သေဆုံး

ဗီယင်နာ မေ ၁

ကွယ်လွန်သူ လစ်ဗျားခေါင်းဆောင် ကဒါဖီအစိုးရမှ ခွဲထွက်သွားသူ လစ်ဗျားဝန်ကြီးချုပ်ဟောင်း ဆူဘာရီဂါနင်မှာ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ သေဆုံးသွားကြောင်း တွေ့ရှိရသည်ဟုဆို၏။

အသက် ၆၉ နှစ်အရွယ် ဆူဘာရီဂါနင် (ယာပုံ)၏ အလောင်းကို ဒင်ညုမြစ်အတွင်း၌ တွေ့ရှိရကြောင်း ဗီယင်နာရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဆူဘာရီဂါနင်၏ အလောင်းတွင် တစ်စုံတစ်ရာ အကြမ်းဖက်ထားသည့် လက္ခဏာမတွေ့ရကြောင်း၊ မည်သည့်အတွက် သေဆုံးရသည်ကို ချက်ချင်းမသိရသေးကြောင်း၊ စစ်ဆေးရဦးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ (အင်တာနက်)

တရုတ်နိုင်ငံတွင် မိုးသည်းထန်ပြီး မိုးသက်မုန်တိုင်းများ ကျရောက်

ပေကျင်း မေ ၁

တရုတ်နိုင်ငံ ဟူနန်ပြည်နယ်တွင် မိုးများသည်းထန်စွာရွာသွန်းမှုနှင့် မိုးသက်မုန်တိုင်းများ ကျရောက်မှုဒဏ်ကို ပြည်သူရှစ်သိန်းနီးပါး ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဒေသအာဏာပိုင်များက မေ ၁ ရက်တွင် ပြောကြားသည်။

ဧပြီ ၂၈ ရက်မှစတင်၍ မိုးကြီးခြင်းနှင့် မိုးသီးကြွေကျခြင်းများကို ယွီယန်း၊ ရီယန်း၊ ကျန်ကျိယာကျီနှင့် ယွန်ကျူ့အောများမှ ပြည်သူ ၇၅၈၀၀၀ ခံစားနေရကြောင်း ဟူနန်ပြည်နယ် မြို့ပြရေးရာဌာန၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အကြီးအကျယ်မိုးရွာသွန်းမှုများကြောင့် တောင်ကျရေများ အဟုန်ပြင်းစွာစီးဆင်းခြင်း၊ မြေပြိုခြင်းနှင့် ရေလွှမ်းမိုးမှုများဖြစ်ပွားစေရာ ယင်းဒေသနေပြည်သူ ၄၇၅၀၀ ခန့်ကို နေရာရွှေ့ပြောင်းခဲ့ရသည်။ စိုက်ပျိုးမြေဧရိယာ ဟက်တာ ၃၂၆၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ရပြီး ကောက်ပဲသီးနှံစိုက်ခင်းပေါင်း ဟက်တာ ၅၇၈၀ ဆုံးရှုံးခဲ့သည်။

ယခုကြုံတွေ့နေရသော ပြင်းထန်သည့် ရာသီဥတုကြောင့် အိမ်ခြေ ၁၅၀၀၀ လည်း ပျက်စီးခဲ့ရသည်။ စီးပွားရေးအရ တွက်ချက်ကြည့်ပါက ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၈ သန်း နစ်နာဆုံးရှုံးကြောင်း အဆိုပါဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ (အင်တာနက်)

ပါရှားပင်လယ်ကွေ့လုံခြုံရေး အီရန်ထိန်းသိမ်း

တီဟီရန် မေ ၁

အီရန်နိုင်ငံက ပါရှားပင်လယ်ကွေ့လုံခြုံရေးကို ထိန်းသိမ်းလျက်ရှိကြောင်း (ဓာတ်ပုံ)၊ ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်နေသည့် နိုင်ငံခြားတပ်ဖွဲ့ဝင်များရောက်ရှိခြင်းကို ဆန့်ကျင်ကြောင်း အီရန်ထိပ်တန်းတပ်မှူးတစ်ဦးက ပြောကြားလိုက်သည်။

တီဟီရန်၌ ဧပြီ ၂၉ ရက်က ကျင်းပသည့် အမျိုးသားနေ့အခမ်းအနားတွင် အီရန်အစ္စလာမ့်တော်လှန်ရေးအစောင့်တပ်များ (အိုင်အာရ်ဂျီစီ) ရေတပ် ဒုတိယဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး အလီရီဇာတန်ဆီရီက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ အီရန်တပ်ဖွဲ့ဝင်များသည် ပါရှားပင်လယ်ကွေ့လုံခြုံရေးအတွက် လောလောဆယ် အမြင့်ဆုံးအဆင့် တပ်လှန့်အသင့်ပြင်ထားကြောင်း ဒုတိယဗိုလ်ချုပ်ကြီး အလီရီဇာတန်ဆီရီက ပြောကြားသည်။ (အင်တာနက်)

နိုင်ငံတကာသတင်းအတိုအထွာ ၁-၅-၂၀၁၂

တင်မောင်လွင်-စုစည်းသည်

အိန္ဒိယနိုင်ငံ၌ ကူးတို့ရေယာဉ်တိမ်းမှောက်၊ လူ ၁၀၀ ကျော်သေဆုံး

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် ဧပြီ ၃၀ ရက် ညနေက ကူးတို့ရေယာဉ်တိမ်းမှောက်မှုကြောင့် လူပေါင်း ၂၀၀ ကျော် ဆိုးရွားသောဘေးဒုက္ခများနှင့် ကြုံတွေ့ရပြီး ၁၀၃ ဦး သေဆုံးကာ ၁၀၀ ကျော် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။

အဆိုပါ ကူးတို့ရေယာဉ်သည် ခရီးသည် ၃၀၀ အား တင်ဆောင်လာပြီး အာသံပြည်နယ် ဒူဘရီခရိုင်အတွင်းရှိ ဗြဟ္မာပုထရာမြစ်ကို ဖြတ်သန်းစဉ် ပြင်းထန်သော မုန်တိုင်းကျရောက်မှုကြောင့် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ဖြစ်ပွားမှုမှာ ယင်းကူးတို့ရေယာဉ်သည် ဒူဘရီမြို့မှ မာဒတ်တာရီမြို့သို့အသွား ယင်းနေ့ ဒေသစံတော်ချိန် ၁၆ နာရီ မိနစ် ၂၀ က အဆိုပါမြစ်အလယ်တွင် မုန်တိုင်းကြောင့် တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကူးတို့ရေယာဉ်တိမ်းမှောက်မှုကြောင့် အမျိုးသမီးများနှင့် ကလေးများအပါအဝင် လူပေါင်း ၁၀၃ ဦး သေဆုံးကာ ၃၅ ဦးအား ကယ်ဆယ်နိုင်ခဲ့ကြောင်း အိန္ဒိယအမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးတပ်ဖွဲ့ အကြီးအကဲ အလော့ဂျာ၏ ပြောကြားချက်ကို အိန္ဒိယ The Press Trust သတင်းစာက ဖော်ပြသည်။

ဆွစ်ဇာလန်နိုင်ငံ၌ လေယာဉ်ငယ်ပျက်ကျ၊ ခြောက်ဦးသေဆုံး

ဆွစ်ဇာလန်နိုင်ငံအနောက်ပိုင်းတွင် ဧပြီ ၂၈ ရက် မွန်းလွဲပိုင်းက လေယာဉ်ငယ်တစ်စင်းပျက်ကျမှုကြောင့် လေယာဉ်ပေါ်လိုက်ပါသူ ခြောက်ဦးစလုံး သေဆုံးခဲ့ကြောင်း ဖရီဘတ်ရဲတပ်ဖွဲ့က ဧပြီ ၂၉ ရက်တွင် ပြောကြားသည်။

အင်ဂျင်တစ်လုံးတပ် အဆိုပါလေယာဉ်သည် ဧပြီ ၂၈ ရက် ညနေ ၃ နာရီခန့်က ဖရီဘတ်မြို့အနီး တတ်ရတ်ကျေးရွာရှိ လယ်ကွင်းတစ်ခုအတွင်း၌ ပျက်ကျခဲ့ခြင်းဖြစ်ပြီး အသက်ရှင်ကျန်ရစ်သူမရှိကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။ သေဆုံးသူများမှာ အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားလေးဦးတို့ဖြစ်ကြောင်း၊ ၎င်းတို့ထဲမှ လေးဦးမှာ လေယာဉ်မှူးအခန်းအတွင်း၌ သေဆုံးနေပြီး ကျန်နှစ်ဦးမှာ လေယာဉ်အပြင်ဘက် လွင့်စဉ်ကျသွားခဲ့ကြောင်း၊ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

အီရတ်အကြမ်းဖက်သမားများ မိသားစုဝင်သုံးဦးအားသတ်ဖြတ်

အီရတ်နိုင်ငံအရှေ့ပိုင်း ဒီယာလာပြည်နယ်မှ လူနေအိမ်အတွင်း စီးနင်းဝင်ရောက်ပြီးနောက် အသံတိတ်ကိရိယာတပ်ဆင်ထားသည့် သေနတ်များကိုင်ဆောင်ထားသူ အမည်မသိအကြမ်းဖက်သမားများက အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ကလေးသုံးဦးကို သတ်ဖြတ်သွားကြောင်း လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။ အမည်မသိသေနတ်သမားများသည် ဒီယာလာပြည်နယ် အာဗူဂါဇာကျေးရွာရှိ လူနေအိမ်တစ်အိမ်သို့ တံခါးများကို ချိုးဖျက်ဝင်ရောက်ပြီးနောက် အသက် ၄၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် အသက် ၁၀ နှစ်နှင့် ၁၅ နှစ်ကြားရှိ ၎င်း၏ကလေးသုံးဦးတို့ကို ဧပြီ ၂၈ ရက်က သတ်ဖြတ်သွားခဲ့သည်။ ၎င်းတို့လေးဦးကို ထိုနေ့နံနက် စောစောက သတ်ဖြတ်သွားခဲ့ပြီး နံနက် ၉ နာရီခန့်တွင် အကြမ်းဖက်သမားများ သတ်ထားသည့် အလောင်းများကို အိမ်သားတစ်ဦးက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ

အာဂျင်တီးနားသမ္မတနှင့် နိုင်ငံပိုင်ရေနံမြေ

သတင်းမှတ်စု-တိုး

ကိုယ့်နိုင်ငံမှ ထွက်ရှိသည့် သဘာဝသယံဇာတ အရင်းအမြစ်များကို ကိုယ်တိုင်စီမံခန့်ခွဲနိုင်ခြင်း မရှိခဲ့သည့် လက်တင်အမေရိက၏ တစ်ခုတည်းသောနိုင်ငံမှာ အာဂျင်တီးနားနိုင်ငံ ဖြစ်သည်။

ယခုအခါ အာဂျင်တီးနားနိုင်ငံက နိုင်ငံခြားပိုင်ကုမ္ပဏီတစ်ခု၏ လက်အောက်မှ ထိုလုပ်ငန်းကို ပြန်လည်သိမ်းယူရန်ပြင်ဆင်နေကြောင်း ယခုတလော သတင်းများတွင် တွေ့ရသည်။ တကယ်တော့ ထိုရေနံကုမ္ပဏီမှာ နှစ်ပေါင်း ၇၀ ကြာ နိုင်ငံပိုင်ဖြစ်ခဲ့သည်။ ထို့ကြောင့်ပင် ပြန်လည်သိမ်းယူရန် စီစဉ်နေသည်ဟုဆိုရခြင်း ဖြစ်ပါ၏။

တင်သွင်းထား

ဝိုင်ပီအက်ဖ်ကုမ္ပဏီ၏ အစုရှယ်ယာ ၅၁ ရာခိုင်နှုန်းကို အစိုးရက သိမ်းပြီး ၄၉ ရာခိုင်နှုန်းကို အာဂျင်တီးနားနိုင်ငံ၏ ရေနံထွက်သည့် ပြည်နယ်များက ရရှိမည့် ဥပဒေကြမ်းကို အာဂျင်တီးနားသမ္မတ ခရစ္စတီးနား ဖာနန်ဒက်က လွှတ်တော်သို့ တင်သွင်းထားသည်။

၎င်းကိစ္စနှင့်ပတ်သက်၍ မိမိသည် မည်သည့်ခြိမ်းခြောက်မှုကိုမျှ အလေးထားမည်မဟုတ်၊ မည်သည့် ဝေဖန်မှုကိုမျှ တုံ့ပြန်မည်မဟုတ်၊ မည်သည့် ရိုင်းပျသော ဝေဖန်ပြောဆိုမှုကိုမျှ သံယောင်လိုက်မည် မဟုတ်ကြောင်း သမ္မတ ခရစ္စတီးနား ဖာနန်ဒက်က ဧပြီ ၂၉ ရက်က ပြောကြားသည်။

အာဂျင်တီးနား၏ ရေနံမြေနှင့်ပတ်သက်၍ အလုံအလောက် ရင်းနှီးမြှုပ်နှံမှုမပြုသည့်အတွက် ဝိုင်ပီအက်ဖ်ကုမ္ပဏီကို အာဂျင်တီးနားအစိုးရက ဖိအားပေးလာသည်မှာ လအတန်ကြာခဲ့ပြီဖြစ်သည် ဆို၏။

အာဂျင်တီးနားနိုင်ငံ၏ ယင်းလုပ်ရပ်နှင့်စပ်လျဉ်း၍ စပိန်အစိုးရက ပြစ်တင်ဝေဖန်လျက်ရှိသည်။ ဝိုင်ပီအက်ဖ် ကုမ္ပဏီကို သိမ်းယူလျှင် အာဂျင်တီးနားနိုင်ငံ အနေဖြင့် နိုင်ငံတကာ၏ ဝိုင်းပယ်မှုကို ခံယူရန် အန္တရာယ်ရှိကြောင်း စပိန်အရာရှိများက ပြောဆိုသည်။ ဝိုင်ပီအက်ဖ်တွင် စပိန်ကုမ္ပဏီ ရက်ဆိုးက ရင်းနှီးမြှုပ်နှံမှု ၅၇ ဒသမ ၄ ရာခိုင်နှုန်း ထည့်ဝင်ထားသည်။ ထို့ပြင် စပိန်နိုင်ငံသည် အာဂျင်တီးနားနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံးနိုင်ငံဖြစ်သည်။ ဝိုင်ပီအက်ဖ်မှာလည်း အာဂျင်တီးနား နိုင်ငံ၏ အကြီးဆုံး ရေနံကုမ္ပဏီဖြစ်သည်။

စပိန်အစိုးရက ကန့်ကွက်နေသည့်ကြားမှပင် အာဂျင်တီးနားသမ္မတ ခရစ္စတီးနား ဖာနန်ဒက်သည် ဝိုင်ပီအက်ဖ် ရေနံကုမ္ပဏီကို သိမ်းမည့် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ တစ်ပြားမျှ အလျှော့မပေးပေ။

စပိန်အစိုးရကလည်း အာဂျင်တီးနားနိုင်ငံကို စီးပွားရေးအရ လက်တုံ့ပြန် အရေးယူမည်ဟု ကြေညာသည်။ အာဂျင်တီးနားအစိုးရ၏ အတ္တနောမတိ ဆုံးဖြတ်ချက်ကို မိမိတို့အစိုးရက ပြင်းထန်စွာ ရှုတ်ချကြောင်း၊ ၎င်းလုပ်ရပ်က မိမိတို့နှစ်နိုင်ငံအစဉ်အလာ ညီအစ်ကိုချစ်ကြည် ရင်းနှီးမှုကို ချိုးဖောက်ရာကျကြောင်း စပိန်နိုင်ငံခြားရေးဝန်ကြီး ဟိုဆေးမန်ချူရယ်ဂါစီမာက ပြောကြားသည်။

သို့သော် အာဂျင်တီးနားသမ္မတက တော့မဖြုံပါပေ။ အာဂျင်တီးနားနိုင်ငံမှာထွက်ရှိသည့် သဘာဝသယံဇာတပစ္စည်းများကို ကိုယ်တိုင်ထုတ်ယူစီမံခန့်ခွဲနိုင်သည့် တစ်ခုတည်းသော လက်တင်အမေရိကနိုင်ငံ ဖြစ်ခဲ့သည့်အတွက်

ဝိုင်ပီအက်ဖ်ကုမ္ပဏီသိမ်းဆည်းရေး အာဂျင်တီးနားအထက်လွှတ်တော်တွင် အစည်းအဝေးကျင်းပလျက်ရှိသည်ကို မြင်တွေ့ရစဉ်။

စပိန်စွမ်းအင်ကုမ္ပဏီ ရက်ဆိုးက ဝိုင်ပီအက်ဖ်ကုမ္ပဏီကို ၁၉၉၉ခုနှစ်တွင် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ယခုတော့ အာဂျင်တီးနားနိုင်ငံက ပြန်သိမ်းယူရတော့မည်ဖြစ်ကြောင်း သမ္မတခရစ္စတီးနာ ဖာနန်ဒက်က အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်သည့် အစည်းအဝေးတွင် ပြောကြားသည်။

ရက်ဆိုးကုမ္ပဏီဥက္ကဋ္ဌ အင်တိုနီကို ဘရူဖောကလည်း အာဂျင်တီနားကို ကုမ္ပဏီက တရားစွဲမည်ဖြစ်ကြောင်း လျော်ကြေး ဒေါ်လာ ၁၀ ဘီလီယံတောင်းမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

အာဂျင်တီးနားသမ္မတ၏ ဆောင်ရွက်ချက်များသည် ပြည်တွင်း၌ ထောက်ခံမှုများ ရရှိနေသော်လည်း နိုင်ငံတကာအသိုက်အဝန်းက သတိထားစောင့်ကြည့်လျက်ရှိသည်။ အထူးသဖြင့် အီးယူအဖွဲ့ဝင် နိုင်ငံများကလည်း သုံးသပ်ချိန်ဆလျက်ရှိသည်။ အာဂျင်တီးနားနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ဆက်လက်ဖြစ်ပေါ်ရေးအတွက် စီးပွားဘက်နိုင်ငံများနှင့် ဆက်ဆံရေးအဆင်ပြေစေရန် လိုအပ်သလို အိမ်နီးချင်းနိုင်ငံများနှင့်လည်း အကျိုးစီးပွားရှိစေသည့် ဆက်ဆံရေးများ ဆက်လက်ဖြစ်ထွန်းနေရန် လိုအပ်သည်။

အာဂျင်တီးနား၏ ပြုမူချက်နှင့်ပတ်သက်၍ စပိန်အစိုးရက ဒေါသထွက်သည်။ အမေရိကန်နှင့် အီးယူတို့ကလည်း ပြင်းပြင်းထန်ထန် ဝေဖန်သည်။

အာဂျင်တီးနားသမ္မတခရစ္စတီးနားဖာနန်ဒက်၏ နိုင်ငံပိုင်သိမ်းဆည်းရေး အစီအစဉ်ကို ထောက်ခံသည့် အနေဖြင့် အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရိစ်မြို့တော် ဗီလက်ဘောလုံးအားကစားကွင်းတွင် ဧပြီ ၂ ရက်က ထောင်ပေါင်းများစွာသော ပြည်သူတို့ ထောက်ခံပွဲကျင်းပကြသည်။

သမ္မတက ၎င်း၏ အစီအစဉ်ကို အတည်ပြုပေးရန် ကွန်ဂရက်သို့ ပို့ထားကြောင်း ကြေညာစဉ်က မိမိသည် သမိုင်းဘီးကို နောက်ပြန်လှည့်နေခြင်း မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ယင်းမှာ သမိုင်းဝင်ကုမ္ပဏီကို ကယ်တင်ခြင်းသာဖြစ်သည်ဟု ကြေညာလိုက်သည်။

နိုင်ငံတော်က ကြားဝင်ဆောင်ရွက်ပေးမှုနှင့် ပုဂ္ဂလိကကဏ္ဍ ပါဝင်ရေးတို့တွင် နည်းလမ်းများရှာကြရမည်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် မိမိ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဝမ်းတွင်းသိတာဝန်များတွင် မည်သည့်အခါမျှ အားပျော့မသွားကြောင်း သမ္မတခရစ္စတီးနား ဖာနန်ဒက်က ပြောကြားသည်။

ထောက်ခံအတည်ပြု

အာဂျင်တီးနားကွန်ဂရက်က သမ္မတ၏ အစီအစဉ်ကို လာမည့်ရက်သတ္တပတ်တွင် ထောက်ခံအတည်ပြုပေးတော့မည် ဖြစ်သည်။

အာဂျင်တီးနားနိုင်ငံ အနေဖြင့် ဗြိတိန်နိုင်ငံနှင့် ရင်ဆိုင်ရသည့် မာမီးနပ်စ်ခေါ် ဖော့ကလန်ကျွန်းကို သူပိုင်ကိုယ်ပိုင်အငြင်းပွားမှုလည်း ရှိနေသေးသည်။ ယင်းကိစ္စ၌ ငြိမ်းချမ်းသည့် သံတမန်ရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိရာ တစ်ချိန်ချိန်တွင် ထိုပြဿနာနှစ်ရပ်စလုံး ဆွေးနွေးအဖြေရှာနိုင်မည်ဟု မျှော်လင့်ရပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

မလေးရှားနိုင်ငံ အကြီးဆုံးဆိပ်ကမ်းသို့ တရုတ်ရေတပ်စစ်သင်္ဘော ချစ်ကြည်ရေးခရီးအဖြစ်ရောက်ရှိ

ပို့ကလန် မေ ၁

တရုတ်နိုင်ငံ ရေတပ်လေ့ကျင့်ရေး စစ်သင်္ဘော Zhenghe သည် မလေးရှားနိုင်ငံ ပို့ကလန်ဆိပ်ကမ်းသို့ ဧပြီ ၂၉ ရက်က စတင်ရောက်ရှိခဲ့သည်။ မလေးရှားနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေး ငါးရက်တာ ခရီးစဉ်အဖြစ် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ပို့ကလန်ဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့ခြင်းဖြစ်သည်။

လှိုက်လှဲပျူငှာ

မလေးရှားနိုင်ငံ၏ အကြီးဆုံးဖြစ်သော ပို့ကလန်ဆိပ်ကမ်းသို့ အဆိုပါ တရုတ်စစ်သင်္ဘော ဆိုက်ကပ်လာချိန်တွင် တရုတ်သံအမတ်ကြီး ချန်ဇီနှင့် တာဝန်ရှိသူများ၊ မလေးရှားစစ်တပ်မှ တာဝန်ရှိသူများက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြသည်။

အလည်အပတ်ခရီး

နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲရေးအလို့ငှာ အလည်အပတ်ခရီးအဖြစ် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း တရုတ်ရေတပ်မှ ဒုတိယဗိုလ်မှူးကြီးလီအို့ရှင်းနန်က ပြောကြားသည်။

အဆိုပါ သင်္ဘောပေါ်တွင် ဒါလန်းရေတပ်စစ်တက္ကသိုလ်မှ ကျောင်းသား ၁၁၀ ခန့် အပါအဝင် သင်္ဘောသား ၃၀၀ ထက်မနည်း လိုက်ပါလာကြကြောင်း သတင်းတွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

(အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ပိုင်း ရထားလမ်းဖောက်ခွဲဖျက်ဆီး

အစ္စလမ္မာဘတ် မေ ၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဘလူချီစတန်ပြည်နယ် ကွက်တာမြို့၌ ရထားလမ်းပိုင်းတစ်ပိုင်း ဖောက်ခွဲဖျက်ဆီးခံရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ကွက်တာမြို့ ဆာယက်ဒေသတွင် အကြမ်းဖက်သမားများက ဧပြီ ၂၉ ရက်ညက ရထားလမ်းကို ဖောက်ခွဲဖျက်ဆီးလိုက်သည်ဟု လုံခြုံရေးအရာရှိများက ပြောကြားသည်။

အကြမ်းဖက်သမားများ၏ ဖောက်ခွဲမှုကြောင့် ရထားသံလမ်းတစ်ပိုင်း ပျက်စီးသွားသည်။ သို့သော် ထိခိုက်သေဆုံးမှုမရှိကြောင်း လုံခြုံရေးအရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

အင်ဒိုနီးရှားနိုင်ငံတွင် ဘတ်စ်ကားမီးလောင် ၁၃ ဦးသေဆုံး၊ ဒဏ်ရာရသူခြောက်ဦးရှိ

ဂျကာတာ မေ ၁

အင်ဒိုနီးရှားနိုင်ငံတွင် ဆူမတြားပြည်နယ်မှ ဂိုင်ယုပြည်နယ်သို့ ပြေးဆွဲလျက်ရှိသော ဘတ်စ်ကားတစ်စင်းသည် မေ ၁ ရက် နံနက် အစောပိုင်းက မီးလောင်မှုဖြစ်ပွားရာ ကားပေါ်တွင် လိုက်ပါစီးနင်းခဲ့ကြသော ခရီးသည် ၁၃ ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း မီဒီယာများက သတင်းဖော်ပြသည်။ ဘတ်စ်ကားအတွင်းရှိ လျှပ်စစ်စနစ်အတွင်း ရှော့ခ်ဖြစ်ရာမှ မီးလောင်ခြင်းဖြစ်ကြောင်း အနောက်ဆူမတြားပြည်နယ်ရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဘတ်စ်ကား မီးလောင်မှု စတင်ဖြစ်ပွားသည့်အချိန်မှာ နံနက် ၄ နာရီခွဲခန့်ကဖြစ်ပြီး ကားကိုယ်ထည်တစ်ခုလုံး မီးလောင်ကျွမ်းခဲ့သည်။ အနောက်ဆူမတြားပြည်နယ် ယာရာယုခရိုင်ခွဲအတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူခြောက်ဦးအား နီးစပ်ရာဒေသတွင်း ဆေးရုံသို့ တင်ပို့ကုသစေခဲ့သည်။ ယင်းတို့အနက်မှ နှစ်ဦးကို ဆေးဝါးကုသမှုပေးပြီးနောက် အိမ်ပြန်ခွင့်ပြုလိုက်သော်လည်း ကျန်လေးဦးကိုမူ ဆက်လက်၍ ဆေးဝါးကုသမှု ဆောင်ရွက်ပေးနေဆဲဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

(ဝဲပုံ)(အင်တာနက်)

ဇော်ဦးခိုင် - ရေးသားသည်

ဗြိတိန်နိုင်ငံ၏ ယခုနှစ် ဧပြီလ နှစ်တစ်ရာအတွင်း အစိုစွတ်ဆုံးလဖြစ်

လန်ဒန် မေ ၁

ယခုနှစ်ဧပြီလသည် ဗြိတိန်နိုင်ငံတွင် နှစ်တစ်ရာအတွင်း အစိုစွတ်ဆုံးဖြစ်ခဲ့သည့် လတစ်လဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဌာနက သတင်းထုတ်ပြန်သည်။

မိုးရွာသွန်းမှုမှာ ၁၂၂ ဒသမ ၈ မီလီမီတာခန့်ရှိသဖြင့် ၂၀၀၀ ခုနှစ်တွင် အထိ ချောင်းရေ လျင်မြန်စွာ စီးဆင်းရာမှ နစ်မြုပ်ကာ အသက်သေဆုံးခဲ့ခြင်းဖြစ်သည်။

ဂလိုစတာရှိုင်းယားတွင် ကျင်းပသည့် ဘတ်မင်တန်မြင်းပြိုင်ပွဲကိုလည်း ဖျက်သိမ်းခဲ့ရသည်။ ပြိုင်ပွဲသမိုင်းတွင် ပြေးလမ်းများပေါ်ရေဝင်သဖြင့် ပြိုင်ပွဲ

စံချိန်တင်သည့် မိုးရွာသွန်းမှု ၁၂၀ ဒသမ၃ မီလီမီတာကိုပင် ကျော်လွန်နေပြီဖြစ်သည်။

အင်္ဂလန်တောင်ပိုင်းဒေသများတွင် ဧပြီ ၂၀ ရက် ညပိုင်းက မိုးရေချိန် ၂၀ မီလီမီတာမှ ၃၀ မီလီမီတာအထိရွာသွန်းသဖြင့် ရေကြီးမှု သတိပေးချက်များ ထုတ်ပြန်ထားရသည်။

နယူးဘာရီတောင်ဘက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူတစ်ဦး သေဆုံးမှုဖြစ်ပွားသည်။ ကွန်မီတန်သစ်တောအတွင်းရှိ တောလမ်းအတိုင်း ကားမောင်းနှင်လာသူ အသက် ၅၂ နှစ်အရွယ်ရှိ လူတစ်ဦးသည် ရေတိမ်ချောင်းငယ်တစ်ခုကို ကားဖြတ်မောင်းစဉ် ငါးပေ ဖျက်သိမ်းလိုက်ရသည်မှာ ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက်ဖြစ်သည်။

ဒီဗွန်၊ ဒေါ့စ်နှင့် ဆွန်မားဆက်ဒေသအချို့တွင် ရာသီဥတု ပိုမိုဆိုးရွားလာနိုင်သဖြင့် မိုးလေဝသဌာနက သတိပေးချက်များ ထုတ်ပြန်ထားသည်။ ရေကြီးရေလျှံမိုးမှုများ ပိုမိုဖြစ်ပေါ်လာနိုင်ပြီး ယာဉ်သွားယာဉ်လာ အခက်အခဲများ ကြုံတွေ့ရနိုင်ကြောင်း အဆိုပါဌာနက ဆက်လက်ပြောကြားသည်။

ရေကြီး ရေလျှံမိုးမှု သတိပေးချက်များ ထုတ်ပြန်ထားရသောနေရာပေါင်း ၃၇ နေရာရှိကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

(အပေါ်ပုံ) (အင်တာနက်)

မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၁

ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် တက်ရောက် အမှာစကားပြောကြားရာတွင် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းပို့ဆောင်ရေး စီမံကိန်းသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ စီမံကိန်းတွင် နိုင်ငံတကာစည်းမျဉ်းများ၊ ကတိကဝတ်များနှင့်အညီ လိုက်နာမှု၊ တာဝန်သိမှု၊ အကူအညီပေးမှု အပိုင်းများသည် တာဝန်ကျေရန်လိုအပ်ကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံသည့်အခါတွင် သက်ဆိုင်ရာဌာနများမှ တာဝန်ယူထားသည့်အပိုင်းကို မြန်ဆန်ပြီးပြတ်အောင် လုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံတကာက မြန်မာနိုင်ငံ၏ တံခါးဖွင့်စီးပွားရေးဝါဒအပေါ် အယူအဆသစ်များ မြင်စေမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကုလားတန်စီမံကိန်းသည် အိန္ဒိယနှင့်မြန်မာတို့၏ နိုင်ငံတော်အကြီးအကဲအချင်းချင်း သဘောတူဆောင်ရွက်သော လုပ်ငန်းဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ကျေပွန်အောင် လုပ်ဆောင်ကြရန် အထူးအရေးကြီးကြောင်း၊ သို့မှသာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲမည် ဖြစ်ကြောင်း။

ဆက်လက်၍ ယခုစီမံကိန်းသည် အိန္ဒိယနိုင်ငံ၏ ကုန်ကျစရိတ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်သော်လည်း မိမိနိုင်ငံအတွက် အကျိုးရှိသော လုပ်ငန်းဖြစ်ကြောင်း၊ ခေတ်စနစ်ပြောင်းလဲလာသည်နှင့်အညီ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်နေခြင်းထက် လုပ်ငန်းများ အဆင်ပြေချောမွေ့နိုင်စေရေးအတွက် နည်းလမ်းကောင်းများ ရှာဖွေဆောင်ရွက်သင့်ကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဝင်းရှိန်က စီမံကိန်းသည် ဝန်ကြီးဌာနများအားလုံးနှင့် ပတ်သက်နေ၍ မိမိဌာန၏ တာဝန်ကဲ့သို့ သဘောထားကာ ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မကြာမီ မိုးတွင်းကာလ ရောက်ရှိတော့မည်ဖြစ်သဖြင့် မိမိဘက်မှ လိုအပ်ချက်မဖြစ်ရအောင် ညှိနှိုင်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့်လည်း ပလက်ဝမှ အိန္ဒိယ-မြန်မာနယ်စပ်အထိ ကားလမ်းဖောက်လုပ်ရေးကိစ္စရပ်များ အမြန်အကောင်အထည်ဖော်နိုင်ရေးအတွက် အဓိကထား ဆောင်ရွက်စေလိုကြောင်း။

ယခုစီမံကိန်းတွင် ပါဝင်သောမည်သည့်လုပ်ငန်းမဆို သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်များ ကာကွယ်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ EIA နှင့် SIA တို့၏ ဆန်းစစ်ချက်များလိုအပ်ပါကြောင်း၊ EIA နှင့် SIA ထောက်ခံချက်ရရှိမှသာလျှင် လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ EIA နှင့် SIA ဆန်းစစ်ချက်နှင့်ပတ်သက်၍ လိုအပ်ချက်များရှိပါက မိမိတို့ဘက်မှ ကူညီဆောင်ရွက်ပေးနိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဝိုင်းဝန်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းနှင့်ပတ်သက်သည့်လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုများ မဖြစ်ပေါ်စေရန် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ယခုတက်ရောက်လာသော ဌာနအသီးသီးမှ ကိုယ်စားလှယ်များကလည်း စီမံကိန်းအား ရာခိုင်နှုန်းပြည့် အောင်မြင်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ အုပ်ချုပ်မှုဒါရိုက်တာနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ အုပ်ချုပ်မှုဒါရိုက်တာ H.E. Ambassador Ali Mchumo ဦးဆောင်သည့်အဖွဲ့သည် ဧပြီ ၃၀ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး (ဝဲပုံ) သရက်သီးအစုအဖွဲ့၊ ဖရဲသီးအစုအဖွဲ့များ၊ နို့စားနွားမွေးမြူရေးကိစ္စများနှင့် ကုန်စည်များဆိုင်ရာ ဘုံရန်ပုံငွေအဖွဲ့မှ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများသို့ အကူအညီများ ပံ့ပိုးပေးနေမှုနှင့် အနာဂတ်တွင် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေးကိစ္စများကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း — ဖတ်စရာ၊ မှတ်စရာ

ညောင်ရေသွန်းပွဲတော်နှင့် လျှပ်စစ်အန္တရာယ်

မေလ ၅ ရက်နေ့သည် ကဆုန်လပြည့် ဗုဒ္ဓနေ့ဖြစ်ပြီး ကဆုန်လပြည့်နေ့သည် ဂေါတမဘုရားအလောင်းတော် ဖွားမြင်တော်မူသောနေ့၊ ဘုရားအဖြစ်သို့ ရောက်တော်မူသောနေ့၊ ပရိနိဗ္ဗာန်ဝင်စံတော်မူသောနေ့တို့ဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ်ကြီးတစ်နေ့ ဖြစ်သည်။ ထိုသို့ ထူးခြားသော ကဆုန်လပြည့် ဗုဒ္ဓနေ့၌ ဘာသာရေးအသင်းအဖွဲ့များ၊ ပြည်သူပြည်သားများ၊ မိသားစုများသည် မြန်မာပြည်အရပ်ရပ်ရှိ ဘုရား၊ ပုထိုး၊ စေတီအသီးသီးရှိ ဗောဓိညောင်ပင်များတွင် နံနက်အရုဏ်မတက်မီအချိန်မှစ၍ ညတိုင်အောင်အမွှေးနံ့သာရည်များဖြင့် ညောင်ရေသွန်းလောင်းလေ့ရှိကြသည်။ ထိုသို့ ညောင်ရေသွန်းလောင်းရာနေရာများတွင် အသံချဲ့စက်များ၊ မီးဆလိုက်များ၊ မီးချောင်းများ၊ အလှဆင်ရောင်စုံမီးသီးတွဲမျိုးစုံတို့ကို ဗောဓိညောင်ပင်၏ အကိုင်းအခက်များနှင့်တကွ အနီးပတ်ဝန်းကျင်တွင် တပ်ဆင်လေ့ရှိရာ စနစ်ကျနမှုမရှိပါက လျှပ်စစ်အန္တရာယ်(ဝါ)ဓာတ်လိုက်မှုအန္တရာယ်ကို တွေ့ကြုံနိုင်ပါသည်။

တစ်ခါက စာရေးသူ၏ သူငယ်ချင်းမိသားစုတစ်စု ညောင်ရေသွန်းပွဲတစ်ခု၌ ပျော်ရွှင်စွာ ညောင်ရေသွန်းလောင်းနေခိုက် မိုးရွာလာသောအခါ ဗောဓိညောင်ပင်တွင် အလှဆင်ထားသော မီးသီးများ၏ တစ်နေရာမှ "တဖျပ်ဖျပ်" အသံမြည်ကာ မီးပွား(Spark) များ ထွက်လာ၍ ရေသွန်းလောင်းနေသူများ လန့်ဖျပ်ကာ ရုတ်ရုတ်သဲသဲဖြစ်သွားကြောင်း၊ ထိုဖြစ်စဉ်မှာ ဗောဓိညောင်ပင်တွင် အလှဆင်ထားသော မီးသီးတွဲများသို့ ဆက်သွယ်ထားသော ဝိုင်ယာကြိုးပေါက်နေသဖြင့် မိုးရွာချိန်တွင် ပေါက်နေသော ဝိုင်ယာကြိုးထဲသို့ မိုးရေများ စိမ့်ဝင်သဖြင့် အသံမြည်ကာ မီးပွား (Spark) များ ထွက်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

လွန်ခဲ့သော ခုနစ်နှစ်ခန့်က သတင်းစာ၌ ပါရှိသော နိုင်ငံတကာသတင်းတစ်ပုဒ်တွင် ပီရူးနိုင်ငံ ဆိုမာလီမြို့ပေါ်၌ ဘာသာရေးပွဲတစ်ခုကို မြို့လုံးကျွတ်အုန်းအုန်းကျွတ်ကျွတ်ပျော်ရွှင်စွာ ဆင်နွှဲနေခိုက် ရုတ်တရက် မိုးရွာလာပြီး ဗို့အားများသော ကောင်းကင်ကြိုး (Overhead Line) သည် လူအုပ်စုအတွင်းသို့ ပြတ်ကြရာ မိုးရေများကြောင့် လူ ၅၀ ကျော် ဓာတ်လိုက်သေဆုံးပြီး လူပေါင်းရာချီ၍ ဆေးရုံသို့ တင်ပို့ရကြောင်းသတင်းကို ယနေ့တိုင်အမှတ်ရလျက်ရှိသည်။ လျှပ်စစ်ဓာတ်သည် ရေစိုနေပါက ရေစိုနေသည့်နေရာများသို့ လျှပ်စစ်ဓာတ်စီးဝင်သည်ကို သတိပြုရပေမည်။

သို့ဖြစ်ပါ၍ နှစ်စဉ် မိုးဖွဲဖွဲရွာသွန်းနေလေ့ရှိသော ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့)တွင် ခုနစ်ရက်သားသမီးတို့အတွက် လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်သောအားဖြင့် အန္တရာယ်ရှိသော ပေါက်ပြဲဆွေးမြည့်နေသည့် ဓာတ်ကြိုးများ၊ အက်ကွဲနေသည့် မီးခေါင်း၊ ပလတ်နှင့် လျှပ်စစ်သုံးပစ္စည်းများကို အသုံးမပြုရန်၊ ဗောဓိညောင်ပင်တွင် အလှဆင်မည့် မီးသီးများကို ညောင်ရေသွန်းလောင်းမည့်ရေမှ လွတ်ကင်းမည့် မြင့်သောနေရာတွင် တပ်ဆင်ရန်၊ ဝိုင်ယာကြိုးအဆက်များကို ရေလုံအောင် လျှပ်စစ်တိပ်ဖြင့် သေသေသပ်သပ်ပတ်ရန်၊ မီးကြိုးများကို မြေပြင်ပေါ်တွင်မထားဘဲ အထောက်အကန်များဖြင့် (Overhead Line) ကောင်းကင်ကြိုးအဖြစ် အမြင့်တွင် သွယ်တန်းကြရန်၊ လျှပ်စစ်သုံးပစ္စည်းများနှင့် လျှပ်စစ်ဝိုင်ယာကြိုးသွယ်တန်းခြင်း လုပ်ငန်းများကို လျှပ်စစ်ကျွမ်းကျင်သူများနှင့်သာ စနစ်တကျဆက်သွယ်ကြရန် လိုအပ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ **မောင်မောင်(လျှပ်စစ်)**

လမ်းချော်၍ အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်

တောင်ငူ မေ ၁

အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာအုပ်စု ညောက်ကြက်ကျေးရွာ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ်(၁၆၉/၄)အနီး ဧပြီ ၃၀ ရက် ညနေ ၅ နာရီခွဲခန့်တွင် ပဲအိတ် ၁၆၀၊ ကျွန်းတံခါးရွက် အကြီး/အသေးများ တင်ဆောင်၍ တောင်ငူ-ရန်ကုန်လမ်းအတိုင်းမြောက်မှတောင်သို့ ယာဉ်မောင်းဖိုးတုတ် အသက် ၄၀ မောင်းနှင်လာသော ဟီးနိုးအပြာရောင် ခြောက်ဘီးယာဉ်မှာ လမ်းချော်၍ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ အရှေ့ဘက်ခြမ်းသို့ တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

ယာဉ်တိမ်းမှောက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ယာဉ်တိမ်းမှောက်မှုနှင့်စပ်လျဉ်း၍ အုတ်တွင်းမြို့နယ်ရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။ **(၁၂၃)**

ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့က မြစ်ကြီးနား-မန္တလေး ရထားလမ်းပိုင်းတွင် မိုင်းထောင်ဖောက်ခွဲမှုများ ထပ်မံပြုလုပ်

နေပြည်တော် မေ ၁

ယနေ့နံနက် ၁ နာရီ ၅ မိနစ်ခန့်တွင် ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့က မြစ်ကြီးနား-မန္တလေး ရထားလမ်း ဆားမော်ဘူတာမှ တစ်မိုင်ခွဲခန့်အကွာရှိ မီးရထားသံလမ်းအား မိုင်းထောင်ဖောက်ခွဲမှု နှစ်ကြိမ်ပြုလုပ်ခဲ့သဖြင့် ရထားလမ်း၏ အနောက်ဘက်နှင့်အရှေ့ဘက်ခြမ်း သံလမ်းတို့တွင် နှစ်ပေခန့် တစ်နေရာစီနှင့် ဇလီဖားတုံး ကိုးတုံးပျက်စီးခဲ့ကြောင်း၊ အနီးပတ်ဝန်းကျင်အား တာဝန်ရှိသူများကစစ်ဆေးရာ အဆိုပါပျက်စီးသံလမ်းအနီးတွင် တီအင်တီ ၂၀၀ ဂရမ် ယမ်းတုံး ၁၅ တုံး၊ ဒီတိုနေတာ ၁၃ ခု၊ ရှစ်လက်မအရှည် ယမ်းကြိုး ခြောက်ချောင်း၊ အားမြှင့်ယမ်းနှစ်ခုတို့ကိုလည်းကောင်း၊ ၎င်းနေရာနှင့် ၇၅ ကိုက်အကွာ၌ တီအင်တီ ၂၀၀ ဂရမ် ယမ်းတုံး ၁၈တုံးနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိပြီး မိုင်းများအား သက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

စစ်ရေးနှင့်မပတ်သက်သော အများပြည်သူသွားလာသည့် ရထားလမ်း၊ ကားလမ်းနှင့်တံတားများကို ယခုကဲ့သို့ ဖျက်ဆီးခြင်း၊ ကျေးရွာအား လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ကချင်ပြည်နယ်အတွင်းရှိ မိမိတို့ တိုင်းရင်းသားပြည်သူများ သွားလာနေထိုင်ရေးခက်ခဲပြီး လူနေမှုအဆင့်အတန်းနိမ့်ကျစေကြောင်း၊ ထိုသို့ ဆောင်ရွက်နေမှုမှာ ၎င်းတို့ကြွေးကြော်နေသည့် ကချင်ပြည်နယ်နှင့် ကချင်တိုင်းရင်းသားများအတွက်ဆိုတာလား ဟု မေးခွန်းထုတ်လိုကြောင်းဖြင့် နေပြည်တော်၌ တာဝန်ထမ်းဆောင်နေသည့် ကချင်တိုင်းရင်းသားတစ်ဦးက ဝမ်းနည်းစွာဖြင့် သတင်းထောက်အား ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့လက်ရွေးစင်အမျိုးသမီးဘော်လီဘောအသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၁

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘော်လီဘော အသင်း အောင်မြင်မှုရရှိစေရန်နှင့် နိုင်ငံတကာဘော်လီဘောပြိုင်ပွဲ အတွေ့အကြုံများ ရရှိစေရန် အဓိက ရည်ရွယ်ချက်ဖြင့် ဧပြီ ၂၁ ရက်မှ ၂၉ ရက် အထိ ထိုင်းနိုင်ငံ NAKHONRATCHASIMA မြို့၌ ကျင်းပခဲ့သည့် ၂၀၁၂ ခုနှစ် အာရှအမျိုးသမီးကလပ်အသင်းများ တံခွန်စိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော အဖွဲ့ခေါင်းဆောင် ဦးသိန်းဝင်း (GM, Asia World Co.,Ltd.) ဦးဆောင်သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘော်လီဘောအသင်းသည် ဧပြီ ၃၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

၂၀၁၂ ခုနှစ် အာရှအမျိုးသမီးကလပ်အသင်းများ တံခွန်စိုက်ဘော်လီဘောပြိုင်ပွဲတွင် (က)အုပ်စု ပတ်လည်ပြိုင်ပွဲအဖြစ် ဧပြီ ၂၁ ရက်တွင် မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို (၀)ပွဲ (၃)ပွဲဖြင့်လည်းကောင်း၊ ဧပြီ ၂၂ ရက်တွင် အီရန်အသင်းကို (၀)ပွဲ (၃)ပွဲဖြင့်လည်းကောင်း၊ ဧပြီ ၂၄ ရက်တွင် ဂျပန်အသင်းကို (၀) ပွဲ (၃)ပွဲဖြင့်လည်းကောင်း၊ ဧပြီ ၂၅ ရက်တွင် အိမ်ရှင်ထိုင်းအသင်းကို (၀) ပွဲ (၃)ပွဲဖြင့်လည်းကောင်း အသီးသီး ရှုံးနိမ့်ခဲ့ကြသည်။

ဆက်လက်၍ အုပ်စုပတ်လည်ပြိုင်ပွဲအပြီးတွင် ပြိုင်ပွဲဝင်အသင်းများ၏ အဆင့်သတ်မှတ်ရေးအတွက် (က)အုပ်စုပြိုင်ပွဲ၌ အဆင့်(၅)ရရှိသော မြန်မာအသင်းနှင့် (ခ) အုပ်စုပြိုင်ပွဲတွင် အဆင့်(၄)ရရှိသော သီရိလင်္ကာအသင်းတို့သည် ၂၆ ရက်တွင် အဆင့်(၈)နှင့် အဆင့် (၉)နေရာအတွက် ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက (၃) ပွဲ-(၂)ပွဲဖြင့် အနိုင်ရရှိပြီး အဆင့်(၈) ရရှိခဲ့သည်။ ဧပြီ ၂၇ ရက်တွင် အဆင့်(၁)မှ အဆင့်(၈)အတွင်း ပြိုင်ပွဲ၌ မြန်မာအသင်းက ဂျပန်အသင်းကို (၀) ပွဲ (၃) ပွဲဖြင့် ရှုံးနိမ့်ခဲ့ပြီး ဧပြီ ၂၈ ရက်တွင် အဆင့်(၅)မှ အဆင့်(၈)အတွက် ပြိုင်ပွဲတွင် မြန်မာအသင်းက အီရန်အသင်းကို (၀) ပွဲ (၃)ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။

ထို့နောက် ဧပြီ ၂၉ ရက်တွင် အဆင့်(၇) နှင့် အဆင့်(၈) ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက (၃) ပွဲ (၂)ပွဲဖြင့် အနိုင်ရရှိပြီး မြန်မာအသင်းက အဆင့်(၇) ရရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စုပေါင်းကာကွယ် ယာဉ်အန္တရာယ်

*ရှေ့ဖုံးမှ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်အရ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်-ဘုရားငါးဆူဒေသ စိုက်ပျိုးသီးနှံထုတ်လုပ်မှုအခြေအနေကို ကွင်းဆင်းလေ့လာခဲ့ရာ မြေအောက်ရေထုတ်ယူသုံးစွဲရန် အခြေအနေပေးသည့်ဒေသဖြစ်၍ စက်ရေတွင်း ၁၀၀ တူးဖော်ရန် လျာထားဆောင်ရွက်ခဲ့သည်။

ပျော်ဘွယ်-ဘုရားငါးဆူဒေသတွင် အောင်မြင်စွာတူးဖော်နိုင်ခဲ့သည့် စက်ရေတွင်းများအနက် သဘာဝရေလျှံတွင်းတစ်တွင်းမှ ရေများအလိုအလျောက်ထွက်ရှိနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

မြေအောက်ရေဌာနခွဲမှ ဘူမိဗေဒပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ၏ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်မှုတို့ဖြင့် ပျော်ဘွယ်-ဘုရားငါးဆူဒေသတွင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း စက်ရေတွင်း ၅၀ကို လည်းကောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း စက်ရေတွင်း ၅၀ကို လည်းကောင်း အောင်မြင်စွာတူးဖော်နိုင်ခဲ့ပြီး ၂၃-၇-၂၀၁၁ ရက်တွင် စီမံကိန်းလျာထားချက်ဖြစ်သောစက်ရေတွင်း ၁၀၀ ပြည့်မြောက်ခဲ့သည်။

ပျော်ဘွယ်-ဘုရားငါးဆူဒေသ စိမ်းလန်းစိုပြည်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွင်းတူးစက်ကြီးငါးစီးဖြင့် စက်ရေတွင်းပေါင်း ၁၀၀ ကို အောင်မြင်စွာ တူးဖော်ခဲ့ခြင်းဖြစ်သည်။ အဆိုပါစက်ရေတွင်း ၁၀၀ အနက် ၇၅ တွင်းမှာ သဘာဝရေလျှံတွင်းများဖြစ်ပြီး ရေလျှံတွင်းများ၏ ပျမ်းမျှ တစ်နာရီ ရေလျှံနှုန်းမှာ ဂါလန် ၃၀၀၀ ဖြစ်သည်။ မူလစီမံချက်အရ စက်ရေတွင်းတစ်တွင်းလျှင် အကျိုးပြုဧက ၁၂ ဧက လျာထားခဲ့ပြီး ရေလျှံတွင်းများ၏ ရေထွက်နှုန်းကောင်းမွန်မှု၊ ဒေသခံတောင်သူများ စိတ်အားထက်သန်စွာ အချိန်မီဆောင်ရွက်နိုင်မှု၊ မိုးစပါးဖြည့်စွက်ရေကို ဖူလုံစွာ ပေးဝေနိုင်မှုတို့ကြောင့် စီမံကိန်း မဆောင်ရွက်မီကာလများထက် စိုက်ဧကများသိသာစွာ ပိုမိုတိုးတက်လာခဲ့သည်။ ထို့အတူ သီးနှံတစ်ဧကအထွက်နှုန်းနှင့် သီးနှံစိုက်စွမ်းအားမှာလည်း မြင့်တက်လာခဲ့သည်။

ပျော်ဘွယ်-ဘုရားငါးဆူဒေသတွင် စက်ရေတွင်းများတူးဖော်ပေးနိုင်ခြင်းကြောင့် ပုံမှန်မရှိသော မိုးရွာသွန်းသည့်ကာလ (Drought Period) တွင် သဘာဝရေလျှံတွင်းများမှ မြေအောက်ရေဖြင့် ဖြည့်စွက်ရေဖူလုံစွာရရှိပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေခြင်း၊ မိုးရေကိုသာ အားထားစိုက်ပျိုးနေရသော အခြေအနေမှ လျော့ချနိုင်ခြင်း၊ ဒေသခံတောင်သူများအနေဖြင့် မူလက တစ်သီးသာစိုက်ပျိုးနိုင်သည့်အခြေအနေမှ မြေအောက်ရေဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးလာနိုင်သည့်အတွက် သီးနှံစိုက်စွမ်းအားတိုးတက်လာပြီး လူမှုစီးပွားရေးဘဝမြင့်မားလာခြင်း၊ စိုက်ပျိုးမြေလျော့နည်းဆုံးရှုံးခြင်းနှင့် ကန္တာရဖြစ်ထွန်းမှုမှ လျော့ချပေးနိုင်ခြင်း၊ ရေအရည်အသွေးစစ်ဆေးချက်အရ စိုက်ပျိုးရေအတွက်သာမက သောက်သုံးရေအတွက်ပါ သုံးစွဲနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ဒေသခံတောင်သူများ ခံစားနေရကြရပြီဖြစ်သည်။ သဘာဝရေလျှံတွင်းဖြစ်ပေါ်ရန်မှာ မြေအောက်ရေမျက်နှာပြင် (Groundwater Table) သည် သဘာဝမြေမျက်နှာပြင် (Natural Ground Level) ထက် မြင့်တက်နေခြင်းကြောင့်ဖြစ်ပြီး ယင်းကဲ့သို့အခြေအနေဖြစ်ပေါ်စေရန်မှာ ယေဘုယျအားဖြင့် သဘာဝရေလျှံတွင်းတူးဖော်မည့်နေရာသည် ဒေသကြီးတစ်ခုလုံး၏ မြေနိမ့်ချိုင့်ဝှမ်း (Basin) သဏ္ဌာန်ဖြစ်ပေါ်တည်ရှိနေရန်၊ ရေအောင်းလွှာသည်ဖိအားရှိရေအောင်းလွှာ (Confined Aquifer) ဖြစ်ရန်နှင့် မြေအောက်ရေပြန်လည်ဖြည့်တင်းပေးလျက်ရှိသောဧရိယာ (Recharge Area) မှာ ၎င်းသဘာဝရေလျှံရေအောင်းလွှာ၏အမြင့်ပိုင်းတွင် တည်ရှိနေရန်လိုအပ်သည်။ ပျော်ဘွယ်-ဘုရားငါးဆူဒေသသည် ယင်းအခြေအနေများနှင့် ကိုက်ညီနေသဖြင့် သဘာဝရေလျှံတွင်းများ ရရှိခဲ့ခြင်းဖြစ်သည်။

မြေအောက်ရေသယံဇာတထုတ်ယူသုံးစွဲမှုပမာဏအနေဖြင့် မူလရှိပြီး သဘာဝအရင်းအမြစ်ကို မထိခိုက်စေဘဲ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး (Sustainable Development)အတွက် စီမံကိန်းဧရိယာအတွင်း နှစ်စဉ် မြေအောက်ရေဖြည့်တင်းနိုင်မှုပမာဏ (Groundwater Recharge) နှင့် ထုတ်ယူသုံးစွဲမှုပမာဏ (Groundwater Discharge) တို့ကိုလည်း စနစ်တကျတွက်ချက်၍ ဆောင်ရွက်နေခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော စီမံကိန်းတစ်ခုလည်း ဖြစ်သည်။ ထို့ပြင် တူးဖော်ပြီး စက်ရေတွင်းများ ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် စီမံကိန်းလုပ်ငန်းများအပေါ်တွင်လည်း လေ့လာဆန်းစစ်မှုများ ပြုလုပ်လျက်ရှိသည်။

ပျော်ဘွယ်-ဘုရားငါးဆူဒေသသည် ယခင်က စိုက်ပျိုးရေဖူလုံစွာမရရှိသဖြင့် တစ်သီးသာစိုက်ပျိုးနိုင်ခဲ့ပြီး ပုံမှန်မိုးရွာသွန်းခြင်းမရှိသောကာလများနှင့် နွေရာသီကာလများတွင် ခြောက်သွေ့ပြီး အဝါရောင်လွင်ပြင်ကြီးအဖြစ်သာ တွေ့မြင်ခဲ့ရသော်လည်း ယခုအခါ စက်ရေတွင်းများ တူးဖော်နိုင်ခဲ့မှုကြောင့် တစ်နှစ်ပတ်လုံး စိမ်းလန်းပြီး အစိမ်းရောင်လွင်ပြင်ကြီးအဖြစ် ပြောင်းလဲလာခဲ့ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန မြေအောက်ရေဌာနခွဲမှ ဝန်ထမ်းများ ပျော်ဘွယ်-ဘုရားငါးဆူဒေသတွင် တွင်းတူးစက်ဖြင့် စက်ရေတွင်းတူးဖော်မှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း အိပ်မက်တော်ရ သစ္စာအောင်မြေကုန်းတော် သံသရာအေးစေတီတော်အထွတ်သို့ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

အိပ်မက်တော်ရသစ္စာအောင်မြေကုန်းတော် သံသရာအေးစေတီတော်

ရွှေထီးတော်တင်လှူပွဲ ဟားခါး၌ကျင်းပ

နေပြည်တော် မေ ၁

ချင်းပြည်နယ် ဟားခါးမြို့၌ တည်ထားကိုးကွယ်သော အိပ်မက်တော်ရ သစ္စာအောင်မြေကုန်းတော် သံသရာအေးစေတီတော်ထီးတော်တင်လှူပွဲကို ဧပြီ ၂၈ရက် နံနက် ၈ နာရီ ၂၅ မိနစ်တွင် စေတီတော်တည်ထားရာ ကုန်းမြေဇေတဝန်တောရကျောင်းတိုက်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို လည်းကောင်း၊ တာဝန်ရှိသူများက ဓာတ်တော်၊ မွေတော်၊ ကြာမှောက်၊ ကြာလှန်၊ ထီးတော်အဆင့်ဆင့်နှင့် ခေါင်းလောင်းတော်တို့ကို စေတီတော်အထွတ်သို့ တင်လှူကြ၍ ပြည်လုံးချမ်းသာနဂါးရုံဘုရားတွင် ကိန်းဝပ်စံပျော်မည့် ဗုဒ္ဓရုပ်ပွားတော်အား ပင့်ဆောင်ပူဇော်ပြီး ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာရုပ်ရှင်

ကိုသစ္စာ - စုစည်းသည်

ရုပ်ရှင်မင်းသမီး ဂျက်စီကာအယ်လ်ဘာ SPY Kids-5 ဇာတ်ကားသစ်ရိုက်ကူးမည်

လော့စ်အိန်ဂျလိစ် မေ ၁

ဟောလိဝုဒ် ရုပ်ရှင်မင်းသမီး ဂျက်စီကာအယ်လ်ဘာ ပါဝင်သရုပ်ဆောင်ပြီး ၂၀၁၁ ခုနှစ်က ထုတ်လွှင့်ပြသခဲ့တဲ့ SPY Kids-4 ရုပ်ရှင်ကားဟာ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ နှစ်သက်အားပေးခံခဲ့ရတာမို့ ၂၀၁၂ ခုနှစ်လယ်မှာ အဲဒီဇာတ်ကားရဲ့နောက်ဆက်တွဲ ရုပ်ရှင်ကားဖြစ်တဲ့ SPY Kids-5ကို ဆက်လက်ရိုက်ကူးဖို့စီစဉ် နေပြီဖြစ်ပါတယ်။

အသက် ၃၁နှစ်အရွယ်ရှိပြီး အိမ်ထောင်သည်တစ်ဦးဖြစ်ပေမယ့် ငယ်ရွယ်နုပျိုတဲ့မျက်နှာအမူအရာနဲ့ ပရိသတ်ကို ဆွဲဆောင်နိုင်ဆဲဖြစ်တဲ့ ဂျက်စီကာအယ်လ်ဘာဟာ **(အပေါ်ပုံ)** ဒီဇာတ်ကားမှာလည်း အက်ရှင်ဇာတ်ဝင်ခန်းတွေ အများအပြား ပါဝင်သရုပ်ဆောင်ထားပါတယ်။

အောင်မြင်ကျော်ကြား

ဒီဇာတ်ကားမှာ အမှန်တရားကိုမြတ်နိုးပြီး သံယောဇဉ်ကြီးတတ်တဲ့စွမ်းအားရှင်အမျိုးသမီးတစ်ဦးအဖြစ် ဂျက်စီကာအယ်လ်ဘာက ပါဝင်သရုပ်ဆောင်မှာဖြစ်ပါတယ်။ အသက် ၁၃နှစ်အရွယ်က Camp Nowhere အမည်ရှိတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ကတည်းက တစ်ရှိန်ထိုးအောင်မြင် ကျော်ကြားခဲ့တဲ့ အနုပညာရှင်တစ်ဦးလည်းဖြစ်ပါတယ်။

၂၀၁၀ခုနှစ်က ပြသခဲ့တဲ့ Valentine's Day ဇာတ်ကားမှာလည်း ဂျက်စီကာအယ်လ်ဘာ သရုပ်ဆောင်မှုတွေ ပီပြင်လွန်းခဲ့တာမို့ ပရိသတ်တွေနှစ်သက်အားပေးခဲ့ကြပါတယ်။ အခုအခါမှာ ဂျက်စီကာအယ်လ်ဘာဟာ ဟောလိဝုဒ် ရုပ်ရှင်မင်းသား လီယိုနာဒိုနဲ့ ဒရာမာဇာတ်ကားတစ်ကားရိုက်ကူးဖို့အတွက် ဖောက်စ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်နေပြီဖြစ်ပါတယ်။

ဆွဲဆောင်နိုင်

ရုပ်ရှင်မင်းသား လီယိုနာဒိုဟာ အမျိုးသမီးပရိသတ်ကို ဆွဲဆောင်နိုင်တဲ့ ဟောလိဝုဒ်ရုပ်ရှင်မင်းသားတစ်ဦးဖြစ်သလို ရုပ်ရှင်မင်းသမီးဂျက်စီကာအယ်လ်ဘာက လည်း ပုရိသပရိသတ်တွေကို ဆွဲဆောင်နိုင်တဲ့သူဖြစ်တာမို့ သူတို့နှစ်ဦးရဲ့ ဒရာမာဇာတ်ကားဟာ ပရိသတ်တွေနှစ်သက်မယ့် ရုပ်ရှင်ကားဖြစ်လာဦးမှာဖြစ်ပါတယ်။

(အင်တာနက်)

ဒါရိုက်တာ ဆမ်မင်းဒက်စ် ဂျိမ်းစ်ဘွန်းဇာတ်ကားသစ် ရိုက်ကူးမည်

အစ္စတန်ဘူလ် မေ ၁

ဂျိမ်းစ်ဘွန်းဇာတ်ကားသစ်တစ်ကားကို ဒါရိုက်တာဆမ်မင်းဒက်စ်က ရိုက်ကူးရန် စီစဉ်နေပြီဖြစ်ကြောင်း မေ ၁ ရက် သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

အစ္စတန်ဘူလ်မြို့တွင် မေ ၁ ရက်ကကျင်းပသည့် သတင်းစာရှင်းလင်းပွဲ တစ်ရပ်၌ ဂျိမ်းစ်ဘွန်းမင်းသားအဖြစ် ဒန်နီရယ်ခရိတ်အား (ယာပုံ) ပါဝင်သရုပ်ဆောင်စေမည်ဖြစ်ပြီး လေထီးခုန်ချရာတွင် ပါဝင်သရုပ်ဆောင်ရမည့်သူများကို ရှာဖွေလျက်ရှိကြောင်း ဒါရိုက်တာ ဆမ်မင်းဒက်စ်က ပြောကြားသည်။

ကင်မရာအထူးပြုလုပ်ချက်များ၊ စွန့်စားခန်းများ၊ စိတ်လှုပ်ရှားဖွယ် အချစ်ဇာတ်လမ်းဇာတ်ဝင်ခန်းများဖြင့် ထည့်သွင်းရိုက်ကူးမည်ဖြစ်သည်။ ထိုသို့ ရိုက်ကူးရာတွင် ချောမောလှပပြီး ဆွဲဆောင်မှုရှိသော ရုပ်ရှင်မင်းသမီးသစ်များကိုရှာဖွေကာ ထည့်သွင်းရိုက်ကူးသွားမည်ဖြစ်သည်။ ၀၀၇ ဇာတ်ကားများ၏ နောက်ဆက်တွဲဇာတ်ကားတစ်ကားကို မိမိအနေဖြင့် ယခင်ဇာတ်ကားများနှင့် မတူစေရန် ရိုက်ကူးတင်ဆက်ပြသသွားမည်ဟု ၎င်းကပြောကြားသည်။ အထူးသဖြင့် အမျိုးသမီးဇာတ်ဆောင်သစ်များကို ရှာဖွေလျက်ရှိကြောင်း ဒါရိုက်တာဆမ်မင်းဒက်စ်က ပြောကြားသည်။ *(အင်တာနက်)*

MTV Movie ဆုချီးမြှင့်ပွဲအတွက် Hunger Games ဇာတ်ကားရေပန်းစားနေ

လော့စ်အိန်ဂျလိစ် မေ ၁

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် ဇွန် ၃ရက်၌ ကျင်းပမည့် တစ်နှစ်တာ MTV Movie ဆုချီးမြှင့်ပွဲ၌ Hunger Games နှင့် Bridesmaids ဇာတ်ကားများမှာ ဆုရရှိရန် ရေပန်းအစားဆုံးဖြစ်နေကြောင်း မေ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

အဆိုပါဇာတ်ကားနှစ်ကားအနက် ဝင်ငွေစံချိန်တင်နိုင်ခဲ့ပြီး ကမ္ဘာတစ်ဝန်း၌ ပရိသတ်နှစ်သက်အားပေးမှုအရှိဆုံးဇာတ်ကားမှာ Hunger Games ဇာတ်ကားဖြစ်သည်။ တစ်ဖန် Bridesmaids ဇာတ်ကားမှာ ဝင်ငွေစံချိန်တင် မရရှိခဲ့သော်လည်း လူကြိုက်များခဲ့သည့် ဇာတ်ကားတစ်ကားဖြစ်သည်။

ဆုရရှိမည်ဟု အမည်စာရင်း ပေါ်ထွက်လာသော ဇာတ်ကားအချို့မှာ Bids for best cast၊ Harry Potter၊ The Help၊ The Twilight Saga: Breaking Dawn-Part-1စသည့် ဇာတ်ကားများဖြစ်သည်။

(၂၁)ကြိမ်မြောက်နှစ်ပတ်လည် MTV Movie ဆုချီးမြှင့်ပွဲသို့ ဟောလိဝုဒ်အနုပညာရှင်များ တက်ရောက်ကြမည်ဖြစ်ရာ ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အာမခံလုပ်ငန်းစနစ်သည် ပြည်သူလူထုအပေါ် အကျိုးဖြစ်ထွန်းစေမည့်စနစ်ဖြစ် မြန်မာ့အာမခံလုပ်ငန်း နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေး ကြိုးစားဆောင်ရွက်

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မြန်မာ့အာမခံလုပ်ငန်းဆိုင်ရာ နည်းလမ်းများ ချမှတ်အကောင်အထည်ဖော်နိုင်ရေးနှင့် အာမခံလုပ်ငန်းများကို ပုဂ္ဂလိကကုမ္ပဏီများအား လုပ်ကိုင်ခွင့်ပြုရေးဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁

မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် နိုင်ငံတော်အတွင်း ပုဂ္ဂလိကအာမခံလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ Insurance Business Supervisory Board အား ဖွဲ့စည်းခွင့်ပြုခဲ့ပြီးဖြစ်၍ ပုဂ္ဂလိကအာမခံကုမ္ပဏီများ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ ချမှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်၍ လုပ်ငန်းချင်း ဆက်စပ်ဆောင်ရွက်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့အား အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း အရည်အသွေး(Capacity)အား နိုင်ငံတကာစံနှုန်းများနှင့်အညီ ရင်ပေါင်တန်းနိုင်ရေး လေ့ကျင့်ကြရမည်ဖြစ်ကြောင်းဖြင့် ယမန်နေ့ မွန်းလွဲပိုင်းတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ့အာမခံလုပ်ငန်းဆိုင်ရာ နည်းလမ်းများချမှတ်အကောင်အထည်ဖော်နိုင်ရေးနှင့်အာမခံလုပ်ငန်းများကို ပုဂ္ဂလိက ကုမ္ပဏီများအား လုပ်ကိုင်ခွင့်ပြုရေးဆိုင်ရာ ဆွေးနွေးပွဲအခမ်းအနား၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အာမခံလုပ်ငန်းတွင် ပုဂ္ဂလိကကဏ္ဍ ပါဝင်ဆောင်ရွက်စေခြင်းဖြင့် အာမခံလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မြန်မာ့အာမခံလုပ်ငန်းအား နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရန်နှင့် အာမခံလုပ်ငန်းစနစ်သည် ပြည်သူလူထုအပေါ် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့်စနစ်ဖြစ်စေရေးကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအပေါ် အာမခံလုပ်ငန်းနှင့် ပတ်သက်သည့် ဗဟုသုတ အသိပညာပေးရေးဆိုင်ရာကိစ္စရပ်များအား ဆောင်ရွက်ပေးရန်နှင့် ခေတ်စနစ်နှင့်အညီ နိုင်ငံတော်၏ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များလည်း ပြုပြင်ပြောင်းလဲကျင့်သုံးနေပြီဖြစ်သည့်အတွက် စနစ်တကျလိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ရုံး ပြင်ဆင်ထားမှုအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာ့အာမခံလုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၂ ခုနှစ် အလုပ်သမားနေ့ သဝဏ်လွှာအား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် သီရိပျံချီ ဦးသိန်းအောင် ဖတ်ကြားစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၁၂ ခုနှစ် အလုပ်သမားနေ့ အခမ်းအနားတက်ရောက်

နေပြည်တော် မေ ၁

၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် သီရိပျံချီ ဦးသိန်းအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အလုပ်ရှင်/အလုပ်သမား ကိုယ်စားလှယ်များနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ဖတ်ကြား

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာ သီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၂ ခုနှစ် အလုပ်သမားနေ့သဝဏ်လွှာအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖတ်ကြားသည်။ ထို့နောက် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်က အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) ညွှန်ကြားရေးမှူးချုပ် မစ္စတာ ခွါန်းဆိုမာဗီးယား ထံမှပေးပို့သော သဝဏ်လွှာအား ဖတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်နှင့် တပ်မတော်၏ သဘောထားအမှန်ကို သိမြင်၍ တောတွင်းလက်နက်ကိုင်အဖွဲ့များ ဆက်လက်၍အလင်းဝင်ရောက်လျက်ရှိ

နေပြည်တော် မေ ၁

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးနှင့်ပတ်သက်၍ ဘက်ပေါင်းစုံမှတိုက်ဖျက်ကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်နေသည့်အချိန်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ် မဲခေါင်မြစ်ကြောင်းတစ်လျှောက် သွားလာလျက်ရှိသော သင်္ဘောများအား လုယက်ခေးပြတိုက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ မူးယစ်ဆေးဝါးလုပ်ငန်းနှင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော မူးယစ်တရားခံပြေး စိုင်းနော်ခမ်း၏အဖွဲ့သည် အဖွဲ့ငယ်များခွဲထွက်ပြီး ထွက်ပြေးလျက်ရှိရာမှ နိုင်ငံတော်၏ စေတနာကို သိမြင်နားလည်လာကာ ဧပြီ ၂၃ ရက်တွင် အိုက်ထွန်းခေါင်းဆောင်သော အင်အားရှစ်ဦးတို့သည်လည်းကောင်း၊ ဧပြီ ၂၇ ရက်တွင် လောဆန်ဦးစီးအင်အား ၁၂ ဦးတို့သည်လည်းကောင်း အလင်းဝင်ရောက်ခဲ့ပြီး ဧပြီ ၃၀ ရက်တွင်လည်း အဆိုပါမူးယစ်တရားခံပြေး စိုင်းနော်ခမ်းအဖွဲ့မှ ထွန်းရွှေဦးစီးအင်အား ၁၃ ဦးသည် လက်နက်မျိုးစုံလေးလက်၊ ကျည်မျိုးစုံ ၁၇၈ တောင့်၊ ကျည်အိမ် ရှစ်ခု၊ လက်ပစ်ဗုံး သုံးလုံး၊ လမ်းလျှောက်စကားပြောစက် တစ်လုံးတို့နှင့်အတူ တာချီလိတ်နယ်မြေရှိ မိမိတပ်မတော် တပ်စခန်းသို့ဆက်သွယ်၍ အလင်းဝင်ရောက်ခဲ့ကြသည်။ အဆိုပါအဖွဲ့အား ယခင်အလင်းဝင်ရောက်ခဲ့ကြသည့် အဖွဲ့များနည်းတူ နယ်မြေခံတပ်မှ တာဝန်ရှိသူများက လှိုက်လှဲစွာကြိုဆိုခဲ့ကြပြီး ၎င်းတို့မိသားစုဘဝလုံခြုံရေးနှင့်ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည်များပံ့ပိုးဖြည့်ဆည်းပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂေါ်ဖီနှင့် တညင်းသီး ကုန်စိမ်းဈေးကွက်

သတင်းနှင့်ဓာတ်ပုံ အဝယ်တော်ဖိုးထော်

ရန်ကုန် မေ ၁

မရောက်တာကြာပြီဖြစ်သော လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးသစ်ကြီးသို့ ယနေ့ရောက်ခဲ့သည်။ နေပူပူတွင် ပျံကျဈေးကွင်းကြီးကို ဖြတ်လျှောက်ခဲ့သည်။ ဈေးရုံများအတွင်း၌လည်း သွပ်မိုးအပူရှိန်ကြောင့် ဈေးအတွင်း အိုက်လှောင်လျက်ရှိသည်။

ကုန်စိမ်းကားကြီးများရပ်နားကွင်း၌ ယခင်ကကဲ့သို့ ကုန်စိမ်းကားကြီးများ အများအပြားမတွေ့ရချေ။ သတင်းဝင်ထောက်နေကျ ဂေါ်ဖီထုပ်ပွဲရုံသို့ ဝင်ခဲ့ရာ ပွဲရုံပိုင်ရှင်က "သကြံန်အပြီး သယ်ယူစရိတ်မြင့်လာတယ်"ဟု မမေးခင်ကပင်ဖြေနှင့်ပြီးသား ဖြစ်နေသည်။

ယခုရက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မှ ဂေါ်ဖီကားများ တစ်နေ့လျှင် ခြောက်ဘီးကားကြီး အစီး ၂၀ မှ ၂၅ စီးမျှသာဝင်ခဲ့ပြီး တစ်စီးလျှင် ဂေါ်ဖီထုပ် ၃၀၀၀ ခန့်သာ ပါတတ်သည်။ သယ်ယူစရိတ်အားဖြင့် ဈေးကြီးဝင်းသို့အရောက် ကုန်ကား တစ်စီးလျှင် ငွေကျပ်ငါးသိန်းပေးရကြောင်း သိခဲ့ရသည်။ ယခင်ကဆိုလျှင် ကုန်ချဝင်းအတွင်း၌ ကားကြီးများ ရပ်စရာ မြေနေရာမရှိလောက်အောင်ပင် အဝင်များခဲ့သည်ဟု သိရသည်။

ယခုအခါ မြေပြန့်ဒေသမှ ဂေါ်ဖီထုပ်များ အဝင်အတော်ကျဲသွားပြီး တောင်ပေါ်ဂေါ်ဖီထုပ်တို့သာ ဝင်လျက်ရှိသည်။ သို့သော် ယခင်ရက်ပိုင်းက ပြင်ဦးလွင်၌ မိုးကောင်းနေသဖြင့် ရန်ကုန်သို့ ကုန်အဝင်တန့်လျက်ရှိသော်လည်း ယနေ့မှစ၍ ဂေါ်ဖီထုပ်များ ပုံမှန်ပြန်လည်ဝင်ရောက်လျက်ရှိနေသည်ကို တွေ့ရသည်။ ပြင်ဦးလွင်ထွက် ဂေါ်ဖီတစ်ထုပ်လျှင် ငွေကျပ် ၄၀၀ ခန့် ဈေးဖြစ်နေကြောင်း သိရသည်။

ပြင်ဦးလွင်မှ ထွက်ရှိသော ဆေးဖက်ဝင်ပန်းဂေါ်ဖီများလည်း ဧပြီလဆန်းမှ စတင်ဝင်ရောက်လျက်ရှိသည်။ သို့သော် အပွင့်တစ်ပွင့်လျှင် ငွေကျပ် ၄၀၀ မှ ၄၅၀ ခန့် လက်ကားဈေးရှိနေသည်။

တညင်းသီးတန်းသို့ ရောက်ရှိစဉ် ပွဲရုံပိုင်ရှင်တစ်ဦးက "ဧပြီလကုန်ခါနီးရက်ပိုင်းအတွင်းမှာ တညင်းသီးဈေးက တစ်တင်းကို ကျပ် ၃၀၀၀ ခန့် ခုန်တက်သွားကြောင်း" ပြောပြသည်။

ဈေးကြီးအတွင်းသို့ ယခုနှစ်တွင် တညင်းသီးအဝင်စောသော်လည်း ကားအစီးရေ အဝင်နည်းလျက်ရှိကြောင်း သိရသည်။ ယခင်နှစ်က တစ်နေ့လျှင် ကားကြီးရှစ်စီး၊ ၁၀ စီးခန့်ဝင်တတ်သော်လည်း ယခုနှစ်အပိုင်းတွင် တစ်နေ့ကားလေးစီးမျှလောက်သာ ဝင်လျက်ရှိကြောင်း သိရသည်။

တညင်းသီး စဝင်ချိန် မတ်လအလယ်က ဈေးမှာ တစ်တင်းလျှင် ငွေကျပ် ၂၇၀၀၀ ဝန်းကျင်၌ရှိပြီး ဧပြီလအလယ်၌ တစ်တင်းငွေကျပ် ၁၅၀၀၀/၁၄၀၀၀ ခန့်ကျဆင်းသွားသည်။ ဧပြီ ၂၆ ရက်မှ စတင်ကာ ကျပ် ၃၀၀၀ ခန့် ခုန်တက်သွား၍ တစ်တင်း ငွေကျပ် ၁၈၀၀၀ ခန့်ဖြစ်သွားကြောင်း သီရိမင်္ဂလာဈေးကြီးမှ ကုန်စိမ်းဈေးကွက်သတင်းအား ဖြန့်ခင်းရေးသားလိုက်ရပါသည်။ ။

ပြင်ဦးလွင်မှဝင်လာသော ဂေါ်ဖီထုပ်များအား သီရိမင်္ဂလာဈေး အရောင်းဒိုင်၌ သယ်ချစဉ်နှင့် ဝယ်သူတစ်ဦးက စိတ်ကြိုက်ရွေးဝယ်နေစဉ်။

ကုန်သွယ်မှုမြှင့်တင်ရေး မြဝတီမြို့၌ စည်းဝေး

မြဝတီ မေ ၁

မြဝတီ ကုန်သွယ်ရေးဇုန်သည် နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန၏ ရည်ရွယ်ချက်(၅)ရပ်အနက် တစ်ခုဖြစ်သော နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးတက်စေရန်နှင့် ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်ဆိုသည့်အချက်ကို အကောင်အထည်ဖော်သည်။ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို ဧပြီ ၃၀ ရက်က မြဝတီကုန်သွယ်ရေးဇုန်အစည်းအဝေးခန်းမ၌ကျင်းပရာ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြဝတီကုန်သွယ်ရေးဇုန် ညွှန်ကြားရေးမှူးဦးစန်းလွင်က ကုန်သွယ်မှုမြှင့်တက်ရေးဆိုင်ရာ ကိစ္စရပ်များရှင်းလင်းပြီး တက်ရောက်လာသော ကုန်သည်လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁

ယနေ့ နံနက် ၉ နာရီအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon နှင့် ဇနီးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၁

ရန်ကုန်မြို့၌ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်၌ ဒေါ်အောင်ဆန်းစုကြည်အား တွေ့ဆုံပြီးနောက် သတင်းထောက်များနှင့်တွေ့ဆုံကာ မေးမြန်းချက်များကို ဖြေကြားသည်။

တွေ့ဆုံ

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် “Introducing the United Nations Global Compact in Myanmar” အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ညနေ ၃ နာရီခွဲတွင် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ White Rice Convention Center ၌ သတင်းထောက်များနှင့် တွေ့ဆုံကာ မေးမြန်းချက်များကို ဖြေကြားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ငွေ၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် (နယူးယောက်) ဦးသန်းဆွေ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon နှင့်ဇနီးတို့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း လူမှုစီးပွားသတင်းပဒေသာ လူမှုစီးပွားသတင်းပဒေသာ

ပြည်တွင်းရေကြောင်းသင်္ဘောခများ ပြင်ဆင်သတ်မှတ်

ခင်လေးမြင့်အောင်

ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီးမှ ဧရာဝတီတိုင်းဒေသကြီးရှိမြို့များသို့ သွားရောက်သည့်ရေလမ်းခရီးသွား ပြည်တွင်းရေကြောင်းသင်္ဘောခများ ပြင်ဆင်သတ်မှတ်ထားကြောင်း သက်ဆိုင်ရာမှသိရှိရသည်။

ပြောင်းလဲသတ်မှတ်

“ဈေးတွေကဧပြီ ၁၇ ရက်ကနေစပြီးတက်လိုက်တာပါ။ ဈေးတက်သွားတဲ့ ခရီးစဉ်တွေက ရန်ကုန်-မော်လမြိုင်ကျွန်းခရီးစဉ်ကို အရင်က ငွေကျပ်၁၀၀၀ကနေ အခုငွေကျပ် ၁၄၀၀၊ ရန်ကုန်-ဖျာပုံခရီးစဉ်က အရင်က ငွေကျပ် ၆၄၀ကနေ အခု ငွေကျပ် ၁၀၀၀၊ ရန်ကုန်-လပွတ္တာ ခရီးစဉ်ကိုအရင်ကငွေကျပ် ၁၇၀၀ ကနေ အခု ငွေကျပ် ၂၈၀၀ကို ပြောင်းလဲသတ်မှတ်လိုက်ပါတယ်”ဟု တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားသည်။

ရိုးရိုးတန်း လက်မှတ်များအပြင် ပထမတန်းသင်္ဘောခများအားလည်း ငွေကျပ် ၃၀၀၀မှ ငွေကျပ် ၅၀၀၀ သို့လည်းကောင်း၊ ၅၀၀၀ ကျော်ကျသင့်မှုများအား ငွေကျပ် ၈၀၀၀ နီးပါးသို့လည်းကောင်း ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

“၂၀၁၁ နှစ်လယ်ပိုင်းကလည်း တစ်ခါတက်ထားတာပါ။ ဒီဇယ်ဆီဈေးတွေလည်း မြင့်တက်လာတဲ့အတွက် သင်္ဘောခနှုန်းထားတွေလည်း တိုးလာခဲ့တာပါ။ အခုကတော့ ပထမအကြိမ်ဈေးတက်တာကမှ တစ်နှစ်မပြည့်သေးဘူး။ နောက်တစ်ကြိမ် ထပ်တက်တဲ့အတွက် ပြည်သူတွေအနေနဲ့ အခက်အခဲတော့ဖြစ်ပါတယ်။ ဒီခရီးတွေက ပုဂ္ဂလိက ရေယာဉ်လိုင်းတွေလည်း ရှိပါတယ်။ အရေးကြီးတဲ့သူတွေနဲ့ ငွေကြေးတတ်နိုင်တဲ့သူတွေကအများ ဆုံးစီးနင်းကြပြီး ဈေးနှုန်းလည်းကွာပါတယ်။ အခုလိုမျိုး ပြည်တွင်းရေကြောင်းလိုင်းတွေက ဈေးတွေတက်လာတဲ့အတွက် ပုဂ္ဂလိကရေယာဉ်တွေလည်း ဈေးလိုက်တက်မှာစိုးရိမ်ရပါတယ်”ဟု မော်ကျွန်းသားတစ်ဦးက သူ့အမြင်အားပြောပြသည်။

ပြည်တွင်း ရေကြောင်းအနေနှင့် ပြည်တွင်းခရီးသွားများအပြင် နိုင်ငံခြားသား ရေယာဉ်စီးခရီးသည်များအတွက်လည်း စီးနင်းခများကို ဧပြီ ၁ ရက်က စတင်ကာ တိုးမြှင့်ကောက်ခံခဲ့ကြောင်း သိရှိရသည်။

ချက်ကြိုးဆက် ကြောင်အမြွှာလေးကောင် ရွှေဘိုတွင် အောင်မြင်စွာခွဲစိတ်ဖြတ်တောက်နိုင်ခဲ့

ရွှေဘို မေ ၁

ရွှေဘိုမြို့ အမှတ်(၄)ရပ်ကွက် ဦးမျိုးဆွေ-ဒေါ်ညိုညိုစိန်တို့နေအိမ်တွင် ဧပြီ ၂၇ ရက် ညနေ ၅နာရီခန့်က အနက်ရောင်အမေကြောင်မကြီးက ချက်ကြိုးပူးဆက်နေသော ကြောင်လေးကောင်မွေးခဲ့သည်။ ယင်းသို့ ပူးဆက်နေသော်လည်း မွေးကင်းစကြောင်လေးကောင်မှာ မိခင်၏နို့ကို ဖြစ်သလိုစို့ယူပြီး အသက်ဆက်ရှင်သန်နေကြသည်။ **(ဝဲပုံ)**

ခွဲစိတ်

ဧပြီ ၂၉ ရက်က ယင်းချက်တိုင်ပူးအမြွှာကြောင်လေးကောင်အား ရွှေဘိုမြို့နယ်မွေးကုဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဒေါ်တင်တင်ဌေးသို့ သွားရောက်ပြသရာ လိုအပ်သည်များကိုစမ်းသပ်စစ်ဆေးပြီး ည ၈ နာရီတွင် စတင်ခွဲစိတ်ဖြတ်တောက်နိုင်ခဲ့သည်။ အဆိုပါကြောင်လေးကောင်သည် ခန္ဓာကိုယ်ပြင်ပတွင် ချက်တိုင်တစ်ခုတည်း၌ တစ်ပေါင်းတည်းပူးနေကြခြင်းဖြစ်သည်။ တစ်ကောင်စီဖြစ်စေရန်အတွက် ခွဲစိတ်ဖြတ်တောက်ခဲ့ရာ ည ၉ နာရီ ၃ မိနစ်တွင် အောင်မြင်စွာပြီးစီးခဲ့သည်။ ယခုအခါ ကြောင်လေးကောင်စလုံးအသက်ရှင်သန်လျက်ရှိပြီး မိခင်ကြောင်မကြီးရော ကြောင်ကလေးများပါ ကျန်းမာစွာ ရှိနေကြကြောင်း သိရှိရသည်။ **(ဝ၅ဝ)**

မြန်မာ့အလင်း သဘာဝဘေးအန္တရာယ်သတင်း

သုံးခွမြို့နယ် လက်ပန်ချောင်နှင့် ဘိတ်သိတ်ကျေးရွာ၌ ရွာသားနှစ်ဦး မိုးကြိုးပစ်ခံရ၍ သေဆုံး

သုံးခွ မေ ၁

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လက်ပန်ချောင်ကျေးရွာနေ မောင်ဝေလင်းနိုင် အသက် ၂၀ နှစ် (ဘ) ဦးဝဲ သူရင်းငှား လုပ်ကိုင်သူသည် လက်ပန်ချောင်ကျေးရွာ မြောက်ကွင်းတွင် နွားများလွှန်ထားသဖြင့် သွားရောက်သိမ်းယူနေစဉ် မိုးသည်းထန်စွာရွာသွန်း၍ ဧပြီ ၂၉ ရက် ညနေ ၄ နာရီခွဲတွင် မိုးကြိုးပစ်ခံရပြီး သေဆုံးသွားခဲ့သည်။

ထို့အတူ ဘိတ်သိတ်ကျေးရွာတွင်လည်း သာဂရကျေးရွာနေ ဦးတင်ငွေ အသက်(၅၃)နှစ် (ဘ) ဦးအောင်စိန်သည် ဘိတ်သိတ်ကျေးရွာနေ သမီးဖြစ်သူထံ လာရာက်လည်ပတ်ခိုက် ကွင်းအမှတ်(၁၂၀)၌ ဆေးဖျန်းပုံးအား သွားရောက်သိမ်းယူနေစဉ် မိုးသည်းထန်စွာ ရွာသွန်း၍ ညနေ ၅ နာရီခန့်တွင် မိုးကြိုးပစ်ခံရပြီး သေဆုံးသွားကြောင်း သိရှိရသည်။ **(ဝ၂၈)**

အုတ်တွင်း၌ အလုပ်မှပြန်လာသော အမျိုးသမီးသုံးဦး မိုးကြိုးပစ်ခံရပြီးနောက် တစ်ဦးသေဆုံး

တောင်ငူ မေ ၁

အုတ်တွင်းမြို့နယ် ညောင်ခြေထောက်မြို့ ရမ်ပူကျေးရွာအနီးတွင် မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးပစ်ခံရသဖြင့် မိုးကြိုးထိမှန်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဧပြီ ၃၀ ရက် ညနေ ၃ နာရီခန့်တွင် မမိုးသူဇာ အသက်(၂၄)နှစ် (ဘ) ဦးတင်စိုး၊ (၃)ရပ်ကွက် ညောင်ခြေထောက်မြို့နေသူ၊ မဥမ္မာစိုး အသက်(၁၈)နှစ် (ဘ) ဦးဌေး (၃)ရပ်ကွက် ညောင်ခြေထောက်မြို့နေသူနှင့် မကြူမာအေး အသက် (၁၈) နှစ် (ဘ) ဦးပေါက် အုတ်တလင်းကျေးရွာ ညောင်ခြေထောက်မြို့နယ်နေသူတို့သည် ရမ်ပူချောင်းအတွင်း သဲသယ်သည့်အလုပ်မှပြန်လာစဉ် မိုးကြိုးပစ်ခံရသည်။

ဒဏ်ရာရရှိ

မမိုးသူဇာ အသက်(၂၄)နှစ်မှာ မိုးကြိုးထိမှန်နေရာတွင် နားအူသွေးယိုစိမ့်၍ပွဲချင်းပြီးသေဆုံးခဲ့သည်။ မဥမ္မာစိုးတွင် ယာလက်/ခြေကျဉ်သည့်ဒဏ်ရာ၊ မကြူမာအေးတွင် ဝဲလက်/ယာခြေတို့၌ ကျဉ်သည့်ဒဏ်ရာ၊ ဝဲနားအူဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။ **(၁၂၃)**

မျက်သားတက်ရောဂါ

ဒေါက်တာကံညွန့်

မျက်စိဆရာဝန်တွေအနေနဲ့ မျက်သားတက်ရောဂါဟာ အသေးအဖွဲ့ရောဂါလေးတစ်ခုပါပဲ။ ဒါလောက်လည်း အရေးထားစရာမလိုဘူးဆိုပြီး ဒီအကြောင်း စာတစ်စောင်ပေတစ်ဖွဲ့ မရေးခဲ့တာပါ။ အခုတော့ ရမ်းဗြဲကျွန်းက လာတဲ့ တံငါသည်လေး မောင်သောင်းရွှေကိုမြင်တော့မှ ကျွန်တော့်မှာ မျက်လုံးပြူးရပါတော့တယ်။ မျက်သားတက်တယ်ဆိုတာကို ပေါ့ပေါ့မထားဖို့ ရေးရတော့မယ်ဆိုပြီး ရေးလိုက်ရတာပါ။

မောင်သောင်းရွှေဟာ အသက် (၄၂)နှစ်သာ ရှိပါသေးတယ်။ ရမ်းဗြဲကျွန်း ပင်လယ်ကမ်းခြေတစ်နေရာက တံငါသည်လေးပါ။ တံငါသည်ဆိုတဲ့အတိုင်း ပင်လယ်ထဲကို ငါးဖမ်းဖို့ နေပူမရှောင် မိုးရွာမရှောင် သွားနေရသူပါ။ ယခု သူကျွန်တော့်ဆီလာပြရတာကတော့ ညာမျက်စိအနည်းငယ်နီပြီး တဖြည်းဖြည်းကွယ်သွားလို့ပါပဲ။

သူလာပြချိန်မှာ သူ့အမြင်စွမ်းအင်ဟာ လက်လှုပ်တာလောက်ပဲ မြင်နိုင်တော့တာပါ။ လက်နှိပ်ဓာတ်မီးနဲ့ ကြည့်လိုက်တာနဲ့ သူ့ရဲ့အံ့သြလောက်စရာ မျက်သားတက်နေတာကို မြင်ရပါတော့တယ်။ မျက်သားဟာမျက်သူငယ်အိမ်ကို လုံးဝဖုံးနေတာပါ။ နောက်တစ်ဖက် (ဘယ်မျက်စိ)မှာတော့ မျက်သားက မျက်ကြည်လွှာပေါ်ကို အနည်းငယ် တက်နေပါသေးတယ်။ ဆရာ့ဆီ ဘာလို့စောစောလာမပြတာလဲ၊ ဒါလောက်နောက်ကျအောင် ဘာလို့နေရတာလဲလို့ မေးလိုက်တော့ ဘယ်မျက်စိကမြင်ပြီး အလုပ်လုပ်နိုင်သေးလို့ပါတဲ့။

အမှန်တော့ မျက်သားဟာ မျက်စိကွယ်စရာအကြောင်းမရှိပါဘူး။ ဒါပေမယ့် သူ့လို မသိလိုက် မသိဘာသာ နေတတ်သူတွေမှာတော့ ယင်းမျက်သားဟာ မျက်သူငယ်အိမ်အပေါ်ကိုဖုံးလာရင် မျက်စိကွယ်ရပါတော့တယ်။

လူတစ်ယောက်ရဲ့ မျက်စိမှာ အမြင်အာရုံရဖို့ဆိုတာ မျက်စိရဲ့ အရှေ့ပိုင်းမှာရှိတဲ့ မျက်ကြည်လွှာ၊ မျက်စိရဲ့ အရှေ့ခန်း၊ မျက်သူငယ်ဝင်ပေါက်၊ ပြီးတော့ မျက်စိရှေ့က မှန်ဘီလူး ဒါတွေအားလုံး ကြည်လင်ပြတ်သားနေဖို့ လိုပါတယ်။

အဲဒါအလွှာတွေထဲမှာ

(၁) မျက်ကြည်လွှာမှာ အနာ(Corneal Ulcer) ဖြစ်လို့ဖြစ်စေ၊ Corneal Opacity ခေါ်တဲ့ မျက်ကြည်လွှာအနာရွတ်ရောဂါဖြစ်လို့ဖြစ်စေ၊ အခုလို မျက်သားတက်လို့ဖြစ်စေ၊ ပိတ်နေရင်

(၂) နောက်မျက်စိအရှေ့ခန်းက aqueous Humor ခေါ်တဲ့ မျက်ကြည်ရေရှိတဲ့နေရာမှာ သွေးတွေဖုံးလို့ဖြစ်စေ၊ ပြည်တည်လို့ဖြစ်စေ၊ ပိတ်နေရင် (ဥပမာ-ထိခိုက်ဒဏ်ရာကြောင့်ဖြစ်စေ၊ မျက်စိအတွင်းရောင်ရောဂါ-Anterior Uveitis)

(၃) မျက်သူငယ်အိမ်ကျဉ်းပြီး ပိတ်သွားရတဲ့ ရောဂါကြောင့်ဖြစ်စေ (ဥပမာ-Anterior Uveitis)

(၄) အတွင်းတိမ်ခေါ်တဲ့ မျက်စိတွင်း မှန်ဘီလူး (Lens)အကြည်ဓာတ် ဆိတ်သုဉ်းရတဲ့အခါဖြစ်စေ မျက်စိအမြင်အာရုံ ကွယ်သွားနိုင်ပါတယ်။ ဒီအထဲက အလွယ်ဆုံးနည်းနဲ့ ကုနိုင်တာကတော့ မျက်သားတက်ရောဂါပဲ ဖြစ်ပါတယ်။

မျက်သားတက်တယ်ဆိုတာ မျက်မှေးလွှာ(Conjuctiva)က မျက်ကြည်လွှာ မျက်လုံးအနက်ပိုင်းပေါ်တက်နေတဲ့ရောဂါပါ။

မျက်သားတက်ရောဂါကို ဆေးပညာအရ Pterygion လို့ခေါ်ပြီး နှာခေါင်းဘက်တက်ရင် (Nasal Pterygion)၊ မျက်စိအပြင်ဘက်ကတက်ရင် (Temporal Pterygion)လို့ ခေါ်ပါတယ်။

ဒီရောဂါဟာ အသက်ကြီးသူတွေမှာ Degeneration ကြောင့် ဖြစ်တတ်ကြပြီး အများအားဖြင့် အသက် (၅၀) ကျော် (၆၀)လောက်မှာဖြစ်ကြတာပါ။ ဒါပေမယ့် နေပူထဲမှာ အမြဲအလုပ်လုပ်နေရသူတွေ၊ လေတိုက်တဲ့နေရာ၊ ဖုန်ထူတဲ့နေရာမှာ အမြဲအလုပ်လုပ်နေရတဲ့သူတွေမှာ ပိုဖြစ်တတ်ပါတယ်။ ယင်းလိုနေရာမျိုးမှာ အလုပ်လုပ်နေရသူတွေဟာ အသက်ငယ်ငယ်နဲ့လည်း ဖြစ်နိုင်ပါတယ်။ ဆေးပညာအသုံးအနှုန်းအရတော့ ဒီလူတွေကို Chronic Initation ရှိသူတွေလို့ ခေါ်ပါတယ်။ တချို့ မော်တော်ဆိုင်ကယ်စီးသူ၊ တွင်ခုံလုပ်သူနဲ့ တောင်သူတွေမှာ မျက်စိထဲ အမှိုက်ဝင်ပြီး မျက်သားတက်ရတာမျိုးလည်း ရှိပါတယ်။ ဒါကို (Pseudo Pterygion) လို့ ခေါ်ပါတယ်။

စာရေးသူနဲ့ အိမ်နီးချင်းမြိတ်မြို့မှာ အကြာကြီးတာဝန်ထမ်းဆောင်နေခဲ့တဲ့ ဆရာဝန်ကြီးတစ်ဦးက ပြောဖူးပါတယ်။ မြိတ်မှာတော့ မျက်သားတက်ရောဂါတော်တော်များများ တွေ့ရတယ်တဲ့။ မြို့ပေါ်ကလူတွေက လူတိုင်းလိုလို မော်တော်ဆိုင်ကယ်စီး၊ တောပိုင်းကလူတွေက ပင်လယ်ထဲငါးဖမ်းဆိုတော့ ဖြစ်တာပေါ့ဗျာတဲ့။

စာရေးသူနယ်ထွက်ပြီး အခမဲ့ခွဲစိတ်ကုသဖို့သွားရင်း မျက်စိစမ်းသပ်ခဲ့ကြရာမှာလည်း လာပြတဲ့အထဲမှာ ၁၅ ရာခိုင်နှုန်းလောက်က မျက်သားတက်နေကြပြီး အတွင်းတိမ်ရောဂါပြီးရင် ဒုတိယအများဆုံးရောဂါ ဖြစ်ပါတယ်။

မျက်သားတက်တာကို စောစောသိရင် စတီရိုက်အာနိသင်အနည်းငယ်ပါတဲ့ မျက်စဉ်းခတ်ရင်သက်သာပြီး မျက်သားခြစ်ပစ်ခြင်း (Excision and Tranplantation)၊ မျက်သားခြစ်ပြီး မျက်မှေးလွှာပြန်ကပ်ပေးပြီး (Excision and Conjuctival Graft)၊ အာနိသင်ပျော့တဲ့ ဓာတ်ကင်ခြင်း B Radiation နည်းဖြင့် ကုသနိုင်ပါတယ်။

မျက်သားနည်းနည်းစတက်တယ်ဆိုရင် ဖြစ်တတ်တဲ့လက္ခဏာက မျက်ခမ်းနှစ်ခုကြားက မျက်လုံးရဲ့အဖြူလွှာပေါ်မှာ နီနေတတ်ပါတယ်။ ပထမ မကြာခဏဆိုသလို နီနေတတ်ပြီး နောက်တော့ အဲဒီနီနေတဲ့နေရာတွေကနေ မျက်နက် (မျက်ကြည်လွှာ)ပေါ်ကို စရောက်လာတတ်ပါတယ်။ မျက်စိစနီရင် သို့မဟုတ် မျက်နက်ကို စရောက်ရင် ဆရာဝန်တွေနဲ့ပြပြီး မျက်စဉ်းနဲ့ ထိန်းထားနိုင်ပါတယ်။ တချို့လည်း မျက်ကြည်လွှာပေါ်သို့ မရောက်ဘဲ ဆေးနဲ့ နေနိုင်ကြလို့ပါ။ အဲဒီကမှ မျက်နက်ပေါ်ကို 2-3 mm လောက်တက်လာရင်တော့ ပိုတက်လာတာကို မစောင့်ဘဲ မျက်သားခြစ်တာကို လုပ်သင့်ပါတယ်။ မျက်စိမှာ မျက်ကြည်လွှာဟာ အမြင်အာရုံအတွက် အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လို့ မျက်ကြည်လွှာမနာအောင် မျက်သားခြစ်ခြင်းကို ခပ်စောစောပြုလုပ်သင့်ပါတယ်။

ကာကွယ်နိုင်တဲ့နည်းကတော့ နေပူထဲအမြဲထွက်သူတွေ နေကာမျက်မှန် အမြဲတပ်ထားကြဖို့၊ တွင်ခုံလုပ်သူတွေ၊ မော်တော်ဆိုင်ကယ်စီးသူတွေ၊ စက်ဘီးအမြန်စီးသူတွေမှာ မျက်စိကာဘာတပ်ပြီးစီးကြဖို့ လိုပါတယ်။ လေလည်းတိုက်၊ နေပူတဲ့ နေရာတွေသွားရတဲ့ ရေလုပ်သားတွေအတွက်လည်း နေကာမျက်မှန်တပ်ပြီး အလုပ်လုပ်ကြရင် မျက်သားတက်တာကို ကာကွယ်နိုင်ပြီး စောစီးစွာ မျက်စိဆရာဝန်ထံ ပြသထားကြရင် မျက်သားတက်ခြင်းကြောင့် မျက်စိကွယ်တာကို လွယ်လင့်တကူ ကာကွယ်နိုင်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းက ကြီးမှူးကျင်းပသည့် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ (World Veterinary Day 2012) အခမ်းအနားကို ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌ ဒေါက်တာအောင်ကြီးနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီဥက္ကဋ္ဌ ဒေါက်တာစောပလယ်စောနှင့် တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြန်လည်ဖြေကြား

အခမ်းအနားတွင် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၂ ခုနှစ် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့၏ ဆောင်ပုဒ်ဖြစ်သည့်Antimicrobial Resistance"အဏုဇီဝပိုးယဉ်ပါးမှုကာကွယ်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး" ခေါင်းစဉ်နှင့်ပတ်သက်၍ ဒေါက်တာစိုင်းစံအိုက်၊ ဒေါက်တာ သန်းနိုင်ထွန်းနှင့် ဒေါက်တာလှလှသိန်းတို့က စာတမ်းများဖတ်ကြားကြပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များအား ပြန်လည်ဖြေကြားကြသည်။

ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အခမ်းအနားများကို မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းက ၂၀၁၀ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ၂၀၁၁ ခုနှစ်က ကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ်တို့မှ ပေးအပ်ချီးမြှင့်သည့် "ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ဆု ၂၀၁၁" ကို ဆွတ်ခူးရရှိခဲ့သည်။ ယခုနှစ်တွင် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ကို ရန်ကုန်တိုင်းဒေသကြီးအပြင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးများတွင် ပညာရပ်ဆိုင်ရာဟောပြောပွဲများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဟောပြောပွဲနှင့် ငွေပဒေသာပင်စိုက်ထူပွဲကျင်းပ

ရန်ကုန် မေ ၁

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ငွေပဒေသာပင်စိုက်ထူပွဲကို ပြည်သူ့ဆေးရုံကြီး(ပုလဲ) မင်္ဂလာဒုံတွင် ဧပြီ ၃၀ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးနာယက ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၏ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးနှင့် အလှူရှင်များ တက်ရောက်ပြီး အလှူငွေကျပ် ၁၂၇၀၀၀၀ကို ဆေးရုံအုပ်ကြီး ဒေါက်တာစိုးဝင်းထံ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး **(ဝဲပုံ)**က ပေးအပ်ခဲ့သည်။ ယင်းနောက် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးဆေးရုံကြီးမှ မီးယပ်နှင့်သားဖွားအထူးကုဆရာဝန်ကြီး ဒေါက်တာ သဇင်ညွန့်က မျိုးဆက်ပွားကျန်းမာရေး ပညာပေးဟောပြောကြောင်း သိရှိရသည်။ **(ကျန်းမာရေး)**

လှည်းကူးမြို့နယ်၌ ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

လှည်းကူး မေ ၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆားတလင်းကျေးရွာ လယ်သမားကြီး ဦးအောင်ဇော်၏ လယ်ကွင်း၌ စပါးရိတ်သိမ်းခြင်းနှင့် တောင်သူပညာပေး ကွင်းပြပွဲကို ဧပြီ ၂၆ ရက် နံနက်က ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ တောင်သူပညာပေးကွင်းပြပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြောက်ပိုင်းခရိုင် ဦးစီးမှူး ဦးမြင့်လွင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ကို၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးဇော်လင်း၊ မြို့နယ်မြေစာရင်း ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်မောင်ညွန့်နှင့် စိုက်ပျိုးရေး၊ မြေစာရင်းဌာနတို့မှ ဝန်ထမ်းများ၊ မြန်မာ့သြဘာလုပ်ငန်းစု တာဝန်ခံပုဂ္ဂိုလ်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြပြီး မြို့နယ်စံကွက်ရိတ်သိမ်းရေးအဖွဲ့က စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း ၁၈၃ ဒသမ ၃၃ တင်းနှုန်း ထွက်ရှိခဲ့သည်။

ထို့နောက် မြေညှိပြုပြင်သည်မှ ရိတ်သိမ်းသည်အထိ လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ခဲ့မှုများကို တာဝန်ရှိသူများက ဆွေးနွေးရာ တက်ရောက်လာသည့် တောင်သူများက ပြန်လည်မေးမြန်းဆွေးနွေးကြပြီး စိုက်ကွင်းအတွင်း ကွင်းဆင်းလေ့လာကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သုတသိဂီစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ကျိုက်ထို မေ ၁

ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာ သုတသိဂီစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၁၁ ရက် ညနေ ၅ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။ အခမ်းအနားတွင် အလှူရှင်ကျိုက်ပိတောရကျောင်းဆရာတော် အရှင်သာသနရက္ခိတက စာကြည့်တိုက်ဆောက်လုပ်လှူဒါန်းရခြင်းကို မိန့်ကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများက ငွေကျပ်နှစ်သိန်းခုနစ်သောင်းတန်ဖိုးရှိ စာအုပ်များကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၅၀ ကိုလည်းကောင်း၊ မြို့မိမြို့ဖဦးရွှေအောင်က စာအုပ် ၅၃ အုပ်ကိုလည်းကောင်း စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌထံသို့ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ အဆောက်အအုံသစ်ကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးမျိုးမျိုးစံ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ မြို့မိမြို့ဖဦးရွှေအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**စာကြည့်တိုက်အဆောက်အအုံမှာ အလျား ၂၄ ပေ၊ အနံ ၁၆ ပေနှင့် အမြင့် ၁၂ပေရှိပြီး သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းဖြစ်ကာ တောရကျောင်းဆရာတော်က ငွေကျပ် ၃၃ သိန်းကုန်ကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟိုပင်၌ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ဟိုပင် မေ ၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်ခွဲအတွင်း ဧပြီ ၄ ရက် မွန်းလွဲ ၅ နာရီ မိနစ် ၂၀က လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ခဲ့ရသော ရပ်ကွက်၊ ကျေးရွာများအတွင်း လေဘေးသင့် မိသားစု ၇၁ စုအား ဟိုပင်မြို့နယ်ခွဲကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဇော်အေးဦးဆောင်သော အဖွဲ့က ဧပြီ ၉ ရက် နံနက် ၁၀ နာရီက ဆန် ၁၆ အိတ်နှင့် ငွေကျပ်သုံးသိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြန်မာ့အလင်း)

● *ကျောဖုံးမှ*

*အချို့သောသူများက **"မီးသတ်တပ်ဖွဲ့ဝင်များသည် သာမန်လူများထက် မီးအပူရှိန်ကို ပို၍ခံနိုင်ပါသလား"**ဟု သိလို၍မေးလာကြပါသည်။ မီးသတ်တပ်ဖွဲ့ဝင်များသည် သာမန်လူသားများကဲ့သို့ပင် အသွေးအသား၊ အရေပြားဖြင့် ဖွဲ့စည်းထားသော သာမန်လူသားများသာဖြစ်ကြပါသည်။ သာမန်လူသားများကဲ့သို့ပင် အပူဒဏ်ကို ခံစားရပါသည်။*

မီးလောင်မှုကြီးဖြစ်ပွားလာပါက မီးဘေးဒုက္ခတွေ့သူတို့သည် မိမိတို့၏ အဖိုးတန်ပစ္စည်းများကို စွန့်ခွာ၍ မီးလောင်ရာနှင့်ဝေးရာသို့ ထွက်ပြေးတတ်ကြပါသည်။ မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့်မူ မီးလောင်ရာအရပ်သို့ အပြေးအလွှားသွားကြရပါသည်။

ဤသို့သွားရာတွင် သာမန်ဝတ္တရားရှိရုံ၊ တာဝန်သိရုံ အသိစိတ်ဓာတ်တစ်ခုတည်းဖြင့်သာ သွားရောက်ကြခြင်းမဟုတ်ပါ။ မြင်တွေ့နေရသော မီးတောက်ကြီးအပြင် ခံစားနေရသော မိဘပြည်သူတို့၏ရင်တွင်းမှ မြင်ရသော သောကမီးများကိုပါ အမြန်ဆုံးငြိမ်းသတ်ပေးနိုင်ရေးအတွက် ကိုယ်ချင်းစာတရားကိုအရင်းခံလျက် စေတနာ၊ ဝါသနာ၊ အနစ်နာတည်းဟူသော စိတ်ဓာတ်ဝတ်ရုံကိုလွှမ်းခြုံ၍ဝင်ရောက်ပက်ဖျန်းခြင်းကြောင့်သာ မီးသတ်တပ်ဖွဲ့များသည် သာမန်လူများထက် မီးအပူဒဏ်ကို ခံနိုင်ရည်ရှိပါသည် ဟုသာ ဆိုပါရစေ. . .။

ဤသို့ ဆောင်ရွက်ကြရင်းဖြင့် ကိုယ်လက်အင်္ဂါအပြင် အသက်ပါစွန့်လွှတ်သွားရသော မီးသတ်တပ်ဖွဲ့ဝင်ပေါင်းများစွာရှိခဲ့ပါသည်။

ပြည်သူများအနေဖြင့် မီးဘေးကို ကင်းဝေးလိုကြပါလျှင် မီးကိုနေ့စဉ်အသုံးပြုနေကြသည့်သူတိုင်း သိသင့်သိထိုက်သည်များကိုသိရှိ၍ ပါဝင်ကူညီကြမှသာလျှင် မီးဘေးအန္တရာယ်ကာကွယ်ရေးတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ကြမည်မှာ ဧကန်မုချပင် ဖြစ်သည်။

ဘုရားမီးပူဇော်ခြင်းအစ၊ ချက်ပြုတ်ခြင်းအလယ်၊ လျှပ်စစ်မီးသုံးစွဲခြင်းအဆုံး ဂရုတစိုက်အသုံးပြုကြပါ။ ကိစ္စပြီးပါက မီးကိုငြိမ်းသည်အထိ သေချာစွာငြိမ်းသတ်ကြပါ။ လျှပ်စစ်ခလုတ်များကို မမေ့မလျော့ပိတ်ကြပါဟု အကြံပြုပါရစေ။

ပြည်သူများအနေဖြင့် သတိပြုရန်မှာ မီးလောင်လျှင် ရေနှင့်ပက်ငြိမ်းလိုက်မည်ဟူသောအတွေးကို ပုံသေလက်ကိုင်မထားသင့်ပါ။ ရေနှင့်ပက်ငြိမ်းနိုင်သောမီးများရှိသကဲ့သို့ ရေနှင့်ငြိမ်းသတ်၍မရသောမီးများလည်း ရှိလာပြီဖြစ်သည်။

အိမ်အဆောက်အအုံတိုင်း၌ မီးသတ်ဆေးဘူးများအသင့်ထားရှိရန် ဝန်မလေးသင့်ပါ။ ထို့ထက်အဆင့်မီ (Portable Fire Extinguisher)များဆောင်ထားကြပါက မီးဘေးအန္တရာယ်ကို ပို၍ ကာကွယ်နိုင်ကြပါလိမ့်မည်။

အော်ဂဲနစ်သဘာဝရှိ လောင်စာများဖြစ်သည့် သစ်သား၊ ဝါး၊ ချည်၊ စက္ကူစတို့သည် မီးလောင်ကျွမ်းမှုဖြစ်ပါက ရေဖြင့်ငြိမ်းသတ်နိုင်ပါသည်။

ဟိုက်ဒရိုကာဗွန်ဒြပ်ပေါင်းများ ဖြစ်သည့် ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ အရက်ပြန်၊ အရက်နှင့် စားသုံးဆီများ မီးလောင်ကျွမ်းပါက ရေဖျန်း (Water Spray)၊ အမြှုပ်ဆေးရည် (Foam Light Water)၊ အငွေ့ပျံလွယ်သော မီးသတ်ဆေးရည် (Vapourising Liquids)၊ ကာဗွန်ဒိုင်အောက်ဆိုက်(CO_2)နှင့် ဓာတုဗေဒပေါင်ဒါခြောက်မှုန့်တို့ဖြင့်သာ ငြိမ်းသတ်နိုင်ပါသည်။

ဓာတ်ငွေ့များ၊ အရည်ဖြင့်ပြုလုပ်ထားသောဓာတ်ငွေ့များ ဖိတ်စဉ်ယိုဖိတ်ရာမှ မီးလောင်မှုဖြစ်ပွားပါက အမြှုပ်ဆေးရည် (Foam Light Water)၊ ဓာတုဗေဒပေါင်ဒါခြောက်မှုန့် (Dry Chemical Powder)တို့ဖြင့် ငြိမ်းသတ်နိုင်ပါသည်။ ထို့အပြင် ယင်းဓာတ်ငွေ့နှင့် ဓာတ်ငွေ့ရည် သိုလှောင်ကန်နှင့်စည်များကို ဦးစားပေး ကြိုတင်ပက်ဖျန်း ကာကွယ်ထားခြင်းဖြင့် မီးကူးစက်မှုများကို ဟန့်တားနိုင်ပါသည်။

သတ္တုမီးလောင်မှုမျိုးတွင်မူ ရေဖြင့်လုံးဝငြိမ်းသတ်၍မရပါ၊ ငြိမ်းသတ်မိပါက အန္တရာယ်ရှိနိုင်ပါသည်။ ထို့အပြင် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ဘိုင်ကာဗွန်နိတ်ဓာတုဗေဒပေါင်ဒါမှုန့်များကိုလည်း အသုံးပြု၍မရပါ။ ဘေးဖြစ်နိုင်ပါသည်။ ၎င်းမီးကိုငြိမ်းသတ်နိုင်သည့် ဂရက်ဖိုက် အမှုန့် (Powdered Gra phlte)၊ ကန့်ကူခြောက်မှုန့် (Powdered Talc)၊ ဆိုဒါပြာ(Soda-ash)၊ ထုံးကျောက်မှုန့် (Lime-stone)နှင့် သဲခြောက် (Drysand) စသည်တို့ဖြင့်သာ ငြိမ်းသတ်နိုင်ပါသည်။

လျှပ်စစ်ကြောင့်ဖြစ်ပွားသော မီးလောင်မှုအမျိုးအစားများတွင် သတိမေ့လျော့ ပေါ့ဆမှုအပြင် ဟောင်းနွမ်းဆွေးမြည့်နေသောဝိုင်ယာကြိုးများ၊ ပျက်စီးနေသော မီးခေါင်းများ၊ မီးခလုတ်များ၊ လျှပ်စစ်ကာဇာပစ္စည်းများ ပျက်စီးနေခြင်းများကို သတိမမူမိခြင်းကြောင့် ဖြစ်တတ်သလို သတ်မှတ်ဓာတ်အားဗို့လွန်ကဲစွာ အသုံးပြုသောကြောင့်လည်း ဖြစ်တတ်သည်။

လျှပ်စစ်မှမီးလောင်မှုစတင်ဖြစ်ပွားပါက ပင်မခလုတ်(Main Switch) ကို ဦးစွာပိတ်ပြီး ခြောက်သွေ့သော အဝတ်စ၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်အုပ်ငြိမ်းနိုင်ပါသည်။ ဓာတုဗေဒပေါင်ဒါခြောက် (Dry Chemical Pow-der) ကို အသုံးပြုလျှင်လည်း အမြန်မီးငြိမ်းနိုင်ပါသည်။

*သို့ပါ၍ ဤသို့သောမီးလောင်မှုများအပေါ်ငြိမ်းသတ်နည်းများကို သိရှိနိုင်ကြပြီးလျှင် ပြည်သူတို့အနေဖြင့် မီးဘေးအန္တရာယ် မဖြစ်ပေါ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မီးဘေးအန္တရာယ်ကို စုပေါင်းကာကွယ်ကြပါစို့ဟု အသိပေးနှိုးဆော်ခြင်းနှင့်အတူ မေ ၅ ရက်တွင်ကျရောက်မည့် **(၆၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့**အား ကြိုဆိုလျက် နိုင်ငံတော်နှင့် ပြည်သူများအတွက် အသက်နှင့်ခန္ဓာကိုယ်ပင် စွန့်လွှတ်စွန့်စားသွားခဲ့ကြသော သူရဲကောင်း မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များအားလုံးသို့ ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။*



ဓာတ်ငွေ့ရည်များ ယိုစိမ့်မှုမဖြစ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များက ဤသို့ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရသည်။

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက် ပြုတ်ခြင်း မပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။ **မီးသတ်ဦးစီးဌာန**

▲ *ကျောဖုံးမှ*

ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို လျှော့ချနိုင်လိမ့်မည်ဖြစ်ကြောင်း ဟန်ကျို့ရှိ ဇီကျန်းနည်းပညာတက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်သည့် ဂျီကျန်ဘင်းက ပြောကြားသည်။

မီးဖိုချောင်သုံး စွန့်ပစ်ပစ္စည်းများမှ ထုတ်လုပ်လိုက်သည့် ဇီဝလောင်စာဆီများကို မော်တော်ကားများတွင် မည်သို့မည်ပုံအသုံးပြုရမည် ဆိုသည်ကိုလည်း တွေ့ရှိထားပြီဖြစ်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ဂျီက ပြောကြားသည်။

မိမိတို့ရည်မှန်းချက်သည် လာမည့် ငါးနှစ်အတွင်း တစ်နေ့အမှိုက်တန်ချိန် ၄၀၀ ကို ဇီဝလောင်စာဆီထုတ်လုပ်ရေး ကုန်ကြမ်းအဖြစ်သုံးစွဲသွားမည် ဖြစ်ကြောင်းလည်း ဂျီက ဆက်လက်ပြောကြားသည်။

အဆိုပါ မီးဖိုချောင်သုံးစွန့်ပစ်ပစ္စည်း တန်ချိန် ၄၀၀ ကို မီသိန်းဓာတ်ငွေ့ထုတ်လုပ်လျှင် ၂၄၀၀၀ ကုဗမီတာထုတ်လုပ်နိုင်ကြောင်း၊ ဇီဝဒီဇယ်ထုတ်လုပ်လျှင် ဇီဝဒီဇယ် ၂၆ တန် ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း သိရသည်။

ယင်းဇီဝဒီဇယ် ၂၆ တန်ကို တစ်နေ့လျှင် ဘတ်စ်ကား ၁၃၀၀ အတွက် လောင်စာဆီ ဖြည့်ဆည်းပေးနိုင်မည်ဟုဆိုသည်။ လောလောဆယ် တရုတ်နိုင်ငံတွင် နှစ်စဉ်မီးဖိုချောင်သုံးစွန့်ပစ်ပစ္စည်းများမှ ဇီဝဒီဇယ်တန်ချိန် ၃၀၀၀၀၀ မှ ၅၀၀၀၀၀ အထိ ထုတ်လုပ်ပေးနိုင်သည်ဟုဆိုသည်။ **(အင်တာနက်/ဆင်ဟွာ)**

နိုင်ငံတကာအားကစားမြင်ကွင်း နိုင်ငံတကာအားကစားမြင်ကွင်း

မောင်မောင်မြင့်ဆွေ - စုစည်းသည်

မန်စီးတီးနှင့် မန်ယူတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

မန်ယူတို့ရှုံးပွဲကြုံပြီး ဖလားမျှော်လင့်ချက်မှေးမှိန် မန်စီးတီးတို့နိုင်ပွဲရကာ ဖလားရယူရေး အိပ်မက်ရှင်သန်

လန်ဒန် မေ ၁

ပရီမီယာလိဂ်ပွဲစဉ် (၃၆) လက်ကျန်ပွဲဖြစ်ပြီး ယခုနှစ် ပရီမီယာလိဂ်ဖလားအတွက် အဆုံးအဖြတ်ပွဲစဉ်တစ်ပွဲသဖွယ် ဖြစ်သည့် မန်စီးတီးနှင့် မန်ယူတို့ မေ ၁ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ မန်စီးတီးက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။

မန်စီးတီးအသင်းသည် အိမ်ကွင်း၌ ကစားရသော ယခုပွဲ၌ ပြိုင်ဘက်မန်ယူကို ဖိအားပေးကစားနိုင်ခဲ့သည်။ ပွဲစတင်ကတည်းက မန်ယူနောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်ကာ ဂိုးရရှိရေးကြိုးစားခဲ့သော်လည်း အဂူရိုအပါအဝင် တိုက်စစ်မှူးများ၏ ဆန္ဒစောမှုများကြောင့် ကန်သွင်းသည့်ဘောလုံးများ အပေါ်ထောင်၊ ဘေးထွက်ဖြစ်ခဲ့သည်။

ရှုံ့နေဦးဆောင်သော မန်ယူတိုက်စစ်သည် ပထမပိုင်း ပွဲချိန်အတွင်း ထိထိရောက်ရောက် မထိုးဖောက်နိုင်ဘဲ နေရာမှ ပထမပိုင်းပွဲပြီးခါနီး ၄၅ မိနစ်၌ ထောင့်ကန်ဘောမှတစ်ဆင့် မန်စီးတီးနောက်ခံလူ ကွန်ပနီက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ပထမပိုင်း ပွဲချိန်အပြီး မန်စီးတီးက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်း ပွဲချိန်တွင်လည်း မန်စီးတီးတို့က ဦးဆောင်ဂိုးများရရှိရေး ကြိုးစားခဲ့သော်လည်း မန်ယူနောက်တန်းနှင့် ဂိုးသမားတို့က ဟန့်တားကာကွယ်နိုင်မှုကြောင့် ဂိုးထပ်မံမသွင်းယူနိုင်ခဲ့ချေ။ ထို့အတူ မန်ယူတို့ကလည်း ကစားကွက်တည်ပြီး စိတ်ကြိုက်ထိုးဖောက်ဂိုးသွင်းနိုင်ရေး ကြိုးစားခဲ့သော်လည်း မန်စီးတီးတို့က အမှားအယွင်းနည်းစွာဖြင့် ကာကွယ်ဟန့်တားခဲ့မှုကြောင့် အပိုင်ဂိုးသွင်းခွင့် အခွင့်အရေးများနည်းပါးပြီး ပွဲချိန်ပြည့်သည်အထိ ချေပဂိုးမသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုပွဲ၌ အိမ်ရှင်မန်စီးတီးတို့ နိုင်ပွဲရရှိခဲ့ရာ အဖိုးတန်အမှတ်သုံးမှတ်ရရှိခဲ့ပြီး မန်ယူနှင့် ပွဲတူ၊ အမှတ်တူကာ ဂိုးကွာခြားချက်ဖြင့် ပရီမီယာလိဂ်တန်းစီဇယားကို ထိပ်ဆုံးမှ ဦးဆောင်ကာ ပရီမီယာလိဂ်ဖလားဆွတ်ခူးရန် မျှော်လင့်ချက်များ ရှင်သန်နေပြီဖြစ်သည်။ **(အင်တာနက်)**

ဗြိတိန်အပြေးသမားဒါဝင်ချမ်ဘာ လန်ဒန်အိုလံပစ်၌ ရွှေတံဆိပ်ရယူရန်မျှော်မှန်း



လန်ဒန် မေ ၁

ဗြိတိန်အပြေးသမားဒါဝင်ချမ်ဘာသည် ၂၀၁၂ လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲရန် ကြိုတင်လေ့ကျင့်မှုများဖြင့် ပြင်းပြင်းထန်ထန်ပြုလုပ်နေပြီဖြစ်ရာ ရွှေတံဆိပ်ဆွတ်ခူးနိုင်ရန် မျှော်မှန်းထားကြောင်း ၎င်းက မေ ၁ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အမျိုးသား မီတာ ၁၅၀၀ အပြေးချန်ပီယံ ဒါဝင်ချမ်ဘာ **(ယာပုံ)**သည် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် အိုလံပစ်ပွဲတော်များတွင် ရာသက်ပန် ပါဝင်ယှဉ်ပြိုင်ခွင့်ကို ပိတ်ပင်ခံထားခဲ့ရသူဖြစ်သည်။ ယခုအခါ ဗြိတိန်အိုလံပစ်အားကစားအဖွဲ့ချုပ်က ၎င်း၏ရာသက်ပန် အားကစားပြိုင်ပွဲပိတ်ပင်ထားမှုကို ပယ်ဖျက်ပေးလိုက်ပြီဖြစ်သည်။

ထို့ကြောင့် မကြာမီကျင်းပတော့မည့် ၂၀၁၂ လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲ၌ မီတာ ၁၅၀၀ ပြိုင်ပွဲတွင် အောင်မြင်မှုရရှိနိုင်ရေးအတွက် ဒါဝင်ချမ်ဘာအနေဖြင့် အပြင်းအထန်လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။ ဗြိတိန်ပြေးခုန်ပစ်အားကစားအဖွဲ့ချုပ်က လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲမဝင်မီအချိန်အထိ ဒါဝင်ချမ်ဘာအား ဆေးစစ်မှုအကြိမ်ကြိမ်ပြုလုပ်သွားမည်ဟု သတိပေးထားကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

မန်ယူမှာဖာဂူဆန်အလွှန် ဂွါဒီယိုလာဖြစ်လာမလား

မက်ဒရစ် မေ ၁

ဘာစီလိုနာနည်းပြ ဂွါဒီယိုလာ

စပိန်လာလီဂါ ဖလားကို ရယူရန် ယခုနှစ်ဘောလုံးရာသီအတွက်မျှော်လင့်ချက်နည်းပါးနေပြီဖြစ်တဲ့ ဘာစီလိုနာအသင်းရဲ့နည်းပြ ဂွါဒီယိုလာဟာ ယခုနှစ်ရာသီကုန်ချိန် ဘာစီလိုနာအသင်းမှ ထွက်ခွာတော့မယ်လို့ဆိုနေတာမို့ မန်ယူနည်းပြဖြစ်လာနိုင်တယ်လို့ အင်္ဂလန်မီဒီယာတွေက ဖော်ပြနေကြပါတယ်။

ဒီနှစ်ဘောလုံးရာသီမှာ ရလဒ်ကောင်းတွေဖော်ဆောင်နိုင်ခဲ့ပေမယ့် ဖလားလက်မဲ့ဖြစ်ရမယ့် ကိန်းဆိုက်နေတဲ့ မန်ယူအသင်းရဲ့နည်းပြကြီး ဖာဂူဆန်ကလည်း မန်ယူနည်းပြတာဝန်တွေကို ပခုံးပြောင်းလွှဲပေးဖို့ စဉ်းစားနေပြီလို့ သတင်းတွေလည်း ထွက်ပေါ်နေပါတယ်။

အသက် ၇၀ အရွယ်ရှိနေပြီဖြစ်တဲ့ ဖာဂူဆန်ဟာ မန်ယူအသင်းအတွက် တာဝန်ကျေခဲ့ပြီဆိုတဲ့စကားကို ပြောနေတာမို့ ဖာဂူဆန်အနားယူတော့မှာလား၊ မန်ယူပိုင်ရှင်တွေက တိုက်တွန်းတာလားဆိုတာတွေလည်း မေးခွန်းတွေထွက်ပေါ်နေပါတယ်။ ဒါပေမယ့် ဖာဂူဆန်ကတော့ မန်ယူအတွက် အမြဲအသင့်ရှိနေတဲ့ နည်းပြတစ်ဦးပါလို့ သတင်းထောက်တွေရှေ့မှာ မကြာခဏ ပြောကြားနေခဲ့ပါတယ်။

ဒီလိုအခြေအနေတွေကြောင့် မန်ယူနည်းပြတာဝန်ကို ဖာဂူဆန်အလွှန်မှာ အဖြစ်နိုင်ဆုံးပုဂ္ဂိုလ်တွေထဲက ရီးရဲမက်ဒရစ်အသင်းနည်းပြ မော်ရင်ဟိုကိုကျော်လွန်ပြီး ဂွါဒီယိုလာက ပိုပြီးရေပန်းစားလာပါတယ်။

ဂွါဒီယိုလာဟာ ဘာစီလိုနာအသင်းကို ချန်ပီယံလိဂ်နဲ့ လာလီဂါဖလားတွေအပါအဝင် ပြိုင်ပွဲအရပ်ရပ်မှာ ဗိုလ်စွဲအောင်စွမ်းဆောင်ပေးခဲ့ပြီး ကမ္ဘာ့အကောင်းဆုံးကလပ်ဘောလုံးအသင်းအဖြစ် ပြိုင်ဘက်တွေရှိန်နေအောင် ကြိုးစားပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် ဖာဂူဆန်အလွှန်မှာ ဂွါဒီယိုလာနည်းပြဖြစ်လာမလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ **(အင်တာနက်)**

နိုင်ငံတကာအားကစားသတင်း နိုင်ငံတကာအားကစားသတင်း

မြင့်မောင်စိုး - စုစည်းသည်

ဂျာမနီတိုက်စစ်မှူး ပိုဒေါစကီး အာဆင်နယ်သို့ ရောက်လာမည်

လန်ဒန် မေ ၁

ဂျာမနီတိုက်စစ်မှူး လူးကာ့စ်ပိုဒေါစကီးအား လာမည့်ဘောလုံးရာသီအစတွင် ကိုလုံးအသင်းမှ အာဆင်နယ်သို့ ပြောင်းရွှေ့ကစားရန် သဘောတူညီလိုက်သည်။

ကစားခဲ့

အသက် ၂၆ နှစ် အရွယ်ရှိ ပိုဒေါစကီးသည် ၂၀၀၂ ခုနှစ်တွင် ၎င်း၏ ဘောလုံးသမားဘဝကို စတင်ခဲ့သည်။ ပိုဒေါစကီးသည် ၂၀၀၉ ခုနှစ် မိခင်ကလပ်သို့ ပြန်မလာမီ ဘိုင်ယန်မြူးနစ်တွင်လေးနှစ်ကြာ ကစားခဲ့သည်။

“ မိမိအနေနဲ့ အာဆင်နယ်နှင့် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရမှာ ပျော်ရွှင်မိပါတယ်။ အာဆယ်နယ် အသင်းဟာ ဥရောပမှာ သမိုင်းအစဉ်အလာကြီးမားတဲ့ အသင်းပါပဲ ” ဟု ပိုဒေါစကီးက ပြောကြားသည်။

ပိုဒေါစကီးအား ခေါ်ယူမှုနှင့် ပတ်သက်ပြီး အာဆယ်နယ်က ပြောင်းရွှေ့ကြေး ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ **(အင်တာနယ်)**



ဂျာမနီတိုက်စစ်မှူး ပိုဒေါစကီး။

တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ် မန်စီးတီးတွင် ဆက်ကစားလို

မန်စီးတီးတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်။

လန်ဒန် မေ ၁

မန်စီးတီးတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်သည် မန်စီးတီးတွင် ဆက်လက်ကစားရန်ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ပြောကြား

တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်နှင့် နည်းပြမန်စီနီတို့ ဆက်ဆံရေးပြန်လည်ကောင်းမွန်လာပြီးနောက် တီဗက်ဇ်က အထက်ပါအတိုင်း ဖွင့်ဟပြောကြားလိုက်ခြင်းဖြစ်သည်။

အသက် ၂၈ နှစ်ရှိ ကားလို့စ်တီဗက်ဇ်သည် စက်တင်ဘာလအတွင်း၌ ဘိုင်ယန်မြူးနစ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးပြီးနောက် ခြောက်လကြာမကစားဘဲ နေခဲ့ရသည်။ သို့သော်လည်း လွန်ခဲ့သည့် သုံးပွဲတွင် မန်စီးတီးနှင့်အတူ ပြန်လည်ကစားခွင့်ရခဲ့သည်။ ယင်းသုံးပွဲတွင် ၎င်းအနေဖြင့် လေးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

နေထိုင်

“ကျွန်တော်ဟာ ရည်မှန်းချက်ကြီးမားတဲ့သူတစ်ဦးပါ။ မန်စီးတီးနဲ့အတူ ပြိုင်ပွဲတွေအများကြီးကစားချင်သေးတယ်။ နိုင်ပွဲတွေရချင်သေးတယ်” *ဟု တီဗက်ဇ်က မန်ချက်စတာအီးဗင်းနင်းနယူးစ်သို့ ပြောကြားသည်။ အာဂျင်တီးနားတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်သည် ဖေဖော်ဝါရီလအတွင်းက မန်စီးတီး၏ကလပ်သို့ပြန်မလာမီ အာဂျင်တီးနားရှိနေအိမ်၌ လအတန်ကြာ နေထိုင်ခဲ့သည်။*

ဂျာမနီတွင် နည်းပြမန်စီနီက တိုက်စစ်မှူးတီဗက်ဇ်အား ခွေးနှင့်နှိုင်းယှဉ်၍ ပြောဆိုခဲ့သည်။ အသင်းတွင် ဘယ်တော့မှ ပြန်မကစားစေရဟူ၍လည်း ပြောဆိုခဲ့သည်။ သို့သော်လည်းနည်းပြမန်စီနီနှင့် ကားလို့စ်တီဗက်ဇ်တို့ မကြာမီက ဆက်ဆံရေး ပြန်လည်ကောင်းလာခဲ့သည်။ ***(အင်တာနက်)***

ဩစတြေးလျဂေါက်သီးကစားသမား တောင်ကိုရီးယား၌ ဖလားဆွတ်ခူး

ဆိုးလ် မေ ၁

ဩစတြေးလျဂေါက်သီးအကျော်အမော်တစ်ဦးဖြစ်သည့် ဘန်းဝီစဘာဂါသည် ဧပြီ ၃၀ ရက်က တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပသည့် Ballantine ချန်ပီယံပြိုင်ပွဲတွင် စကော့တလန်မှ ရစ်ချီရမ်ဆေးထက် ငါးချက်အသာရိုက်ပြီး ဆုဖလားဆွတ်ခူးသွားခဲ့သည်။

လျှော့ရိုက်

အဆိုပါ ဂေါက်သီးကစားသမားသည် နောက်ဆုံး လေးကျင်းရိုက်ရာတွင် ဘာဒီသုံးကြိမ်ရခဲ့သည်။ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်အထိ လျှော့ရိုက်နိုင်ခဲ့သည်။ ၎င်း၏ပြိုင်ဘက် ရမ်ဆေးက ခုနစ်ချက်သာ လျှော့ရိုက်နိုင်ခဲ့သည်။ **(အင်တာနက်)**

ဩစတြေးလျဂေါက်သီးအကျော်အမော် ဘန်းဝီစဘာဂါ

❍ *ကျောဖုံးမှ*

ထို့အတူ လီဗာပူးအသင်းမှာလည်း ဂျရတ်၊ ဒက်ကွတ်ဇ်နဲ့ တိုက်စစ်မှူးဆွာရက်ဇ်တို့ ပါဝင်ကစားကြမှာပါ။ ဒီဖလားဟာ ချယ်လ်ဆီးဖလားဖြစ်လိမ့်မယ်လို့ ချယ်လ်ဆီးနည်းပြဟောင်း ရာနီယေနီက သုံးသပ်ထားပါတယ်။ သို့သော်လည်း လီဗာပူးနည်းပြ ဒဲလ်ဂလစ်ကလည်း ဒီဖလားကို အရယူသွားမယ်လို့ဆိုပါတယ်။

နှစ်သက်အားပေး

ဒီပြိုင်ပွဲမှာ မန်ယူနဲ့ မန်စီးတီးတို့ကစားခဲ့တဲ့ ကွင်းလယ်ဒိုင်လူကြီး ဖီးလ်ဒေါက်က တာဝန်ယူမှာဖြစ်ပါတယ်။ သူဟာ ပြိုင်ပွဲတိုင်းမှာ မှန်မှန်ကန်ကန်ဆုံးဖြတ်လေ့ရှိတာကြောင့် ပရိသတ်တွေရော ကစားသမားတွေကပါ နှစ်သက်အားပေးတဲ့ ဒိုင်လူကြီးကောင်းတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအက်ဖ်အေဖလားဗိုလ်လုပွဲဟာ ရာသီကုန်ပွဲပိတ်ခါနီးမှာ ပရိသတ်တွေအကြိုက်တွေ့စေမယ့် ပြိုင်ပွဲတစ်ပွဲဖြစ်ပါတယ်။ **(အင်တာနက်)**

အာကာသသိပ္ပံ အာကာသသိပ္ပံ အာကာသသိပ္ပံ အာကာသသိပ္ပံ

အာကာသဟင်း–စုစည်းသည်

မလေးရှားနိုင်ငံ၏ ပထမဆုံးအာကာသယာဉ်မှူး ရုရှား၌ လေ့ကျင့်မှုပြုလုပ်နေ

ကွာလာလမ်ပူ မေ ၁

မလေးရှားနိုင်ငံက ပထမဆုံး အာကာသယာဉ်မှူး စေလွှတ်ရေးအတွက် မလေးရှားနိုင်ငံသား ဒေါက်တာ ပရစ်ဇ်ခါလိဒ်အား လေ့ကျင့်မှုများပြုလုပ်ရန် ရုရှားနိုင်ငံသို့ စေလွှတ် လေ့ကျင့်လျက်ရှိကြောင်း ဧပြီ ၃၀ ရက်တွင် သတင်း ထုတ်ပြန်သည်။ **(ယာပုံ)**

မလေးရှားနိုင်ငံ အမျိုးသားအာကာသအေဂျင်စီ (အင်ကာဆာ)နှင့်မလေးရှားနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့်တီထွင်မှုဆိုင်ရာဝန်ကြီးဌာနတို့က ပူးတွဲပြီး အာကာသခရီးစဉ် စေလွှတ်ရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေါက်တာဖရစ်ဇ်ခါလိဒ်အား ရုရှားနိုင်ငံတွင် အာကာသယာဉ်မှူးများ၏ လုပ်ငန်းအတွေ့အကြုံများ၊ အာကာသနည်းပညာများနှင့် ကြုံတွေ့နိုင်သည့် အခက်အခဲများကို ရုရှားအာကာသယာဉ်မှူးများနှင့်အတူ ပူးတွဲလေ့ကျင့်လျက်ရှိသည်။ မလေးရှားနိုင်ငံသည် ၂၀၁၅ ခုနှစ်ခန့်၌ အာကာသခရီးစဉ် စေလွှတ်နိုင်ရေး ကြိုးစားလျက်ရှိရာ ဒေါက်တာဖရစ်ဇ်ခါလိဒ်အား ယခုအချိန်မှ စတင်ကာ လေ့လာလေ့ကျင့်မှုများ ပြုလုပ်စေလျက်ရှိသည်။ **(အင်တာနက်)**

အင်္ဂါဂြိုဟ်မျက်နှာပြင်၌ လိုဏ်ဂူပေါက်တစ်ခုတွေ့ရှိ

ဝါရှင်တန် မေ ၁

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် လိုဏ်ဂူကဲ့သို့သော အပေါက်ဝတစ်ခုကို တွေ့ရှိရကြောင်း နာဆာမှစေလွှတ်ထားသော အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် အော်ဒီစီမှ မြေပြင်စခန်းသို့ပေးပို့သော ဓာတ်ပုံများအရ တွေ့ရှိရကြောင်းနာဆာမှ ဧပြီ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**



အဆိုပါ လိုဏ်ဂူပေါက်သည် မျက်နှာဝအကျယ် ၁၂ လက်မခန့်ရှိပြီး အတွင်း၌ မည်မျှကျယ်၍ မည်မျှအနက်ရှိသည်ကို လေ့လာနေဆဲဖြစ်ကြောင်း၊ ယခုဓာတ်ပုံကိုလည်း အော်ဒီစီလေ့လာရေးယာဉ်တွင် တပ်ဆင်ပေးလိုက်သော အထူးကင်မရာမှ တစ်ဆင့် ရိုက်ယူပေးပို့ခြင်းဖြစ်ကြောင်း နာဆာအာကာသသိပ္ပံပညာရှင်များက ပြောကြားသည်။

ယခုတွေ့ရှိမှုသည် အင်္ဂါဂြိုဟ်မျက်နှာပြင်နှင့်ပတ်သက်ပြီး ထူးခြားသောတွေ့ရှိမှုတစ်ရပ်ဖြစ်ကြောင်း၊ ပိုမိုအသေးစိတ် သိရှိနိုင်ရန် အင်္ဂါဂြိုဟ်မျက်နှာပြင်သို့ အော်ပို့ကျူနီတီနှင့် စပီရစ်လေ့လာရေးယာဉ်များ ထပ်မံစေလွှတ်ကာ လေ့လာမည်ဖြစ်ကြောင်း သိရသည်။

အော်ဒီစီလေ့လာရေးယာဉ်ကို အင်္ဂါဂြိုဟ်မျက်နှာပြင်၏အနေအထားအား လေ့လာရန်အတွက် နာဆာက ၂၀၀၁ ခုနှစ်က စတင်စေလွှတ်ထားခြင်းဖြစ်သည်။ အော်စီဒီလေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်၏ ထူးခြားသောပုံရိပ်များကို ပြတ်သားကြည်လင်သောဓာတ်ပုံများရယူကာ မြေပြင်စခန်းသို့ ပေးပို့လျက်ရှိသည်။ **(အင်တာနက်)**

နေဂြိုဟ်ကို အနီးကပ်လေ့လာမည့်အာကာသယာဉ် ဗြိတိန်သိပ္ပံပညာရှင်များထုတ်လုပ်

ဝါရှင်တန် မေ ၁

နေဂြိုဟ်ကို အနီးကပ်လေ့လာနိုင်မည့်အာကာသယာဉ်တစ်စင်းကို ဗြိတိသျှသိပ္ပံပညာရှင်များက ဦးဆောင်ကာ တည်ဆောက်လျက်ရှိကြောင်း ဧပြီ ၃၀ ရက်၌ သတင်းထုတ်ပြန်သည်။ အဆိုပါနေဂြိုဟ်လေ့လာရေးအာကာသယာဉ်ကို ဗြိတိန်နိုင်ငံမှ အက်ထရမ်အမည်ရှိ အာကာသသိပ္ပံပညာရှင်များအဖွဲ့နှင့် ဥရောပအာကာသအေဂျင်စီက ပူးတွဲတည်ဆောက်နေခြင်းဖြစ်သည်။ ၎င်းနေဂြိုဟ်လေ့လာရေးအာကာသယာဉ်ကို ၂၀၁၇ ခုနှစ်၌ နေဂြိုဟ်အနီးသို့ လေ့လာနိုင်ရေးအတွက် လွှတ်တင်ရန် စီစဉ်ထားသည်။ **(ယာပုံ)**

ယင်းအာကာသယာဉ်တည်ဆောက်မှုအတွက် ကုန်ကျငွေမှာ ယူရိုသန်း ၃၀၀ ခန့်ရှိမည်ဖြစ်ကြောင်း ၎င်းငွေကြေးကို ဥရောပအာကာသအေဂျင်စီက အကုန်အကျခံမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

ဖွံ့ဖြိုးတိုးတက်လာ

ဗြိတိသျှအာကာသပညာရှင်များသည် ၁၉၆၂ ခုနှစ် ဧပြီ ၂၆ ရက်ကတည်းက အာရီရယ်-၁ အမည်ရှိဂြိုဟ်တုတစ်လုံးကို စတင်လွှတ်တင်ခဲ့ပြီးနောက် အာကာသယာဉ်များ တည်ဆောက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းဖြစ်သည်။ ဆိုလ်အိုဟုအမည်ပေးထားသော ၎င်းနေဂြိုဟ်လေ့လာရေး အာကာသယာဉ်ကို စေလွှတ်ခြင်းမှာ နေဂြိုဟ်မှ အလင်းတန်းများ ဖြာထွက်မှု အနေအထားနှင့် နေဂြိုဟ်မျက်နှာပြင်ပေါ်တွင် ဖြစ်ပေါ်နေသော ပေါက်ကွဲမှု အခြေအနေများက ကမ္ဘာမြေကို မည်သို့ အကျိုးသက်ရောက်မှု ရှိနိုင်သည်ကို အနီးကပ်လေ့လာနိုင်ရန်ဖြစ်သည်။ **(အင်တာနက်)**



ကျန်းမာရေးသုတ ကျန်းမာရေးသုတ ကျန်းမာရေးသုတ ကျန်းမာရေးသုတ

အာကာကျော် - စုစည်းသည်

နေပူထဲသွားသူအမျိုးသမီးများ ခရင်မ်လိမ်းခြယ်ထားသင့်

လန်ဒန် မေ ၁

အမျိုးသမီးအများစုမှာ နေလောင်ဒဏ်ခံသည့် ခရင်မ်ကို လိမ်းခြယ်မှု အားနည်းလျက်ရှိကြောင်း မက်မီလန်ကင်ဆာသုတေသနအဖွဲ့က ဧပြီ ၃၀ ရက်တွင် ပြောကြားလိုက်သည်။ **(ယာပုံ)**

ယခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ အပန်းဖြေထွက်ကြသည့် အမျိုးသမီးလေးဦးလျှင် တစ်ဦးသည်ပင် နေလောင်ဒဏ်ခံသည့် ခရင်မ်လိမ်းခြယ်ထားသည်ကို မတွေ့ရကြောင်း အဆိုပါ ကင်ဆာသုတေသနအဖွဲ့၏ ဆန်းစစ်လေ့လာချက်တွင် ဖော်ပြထားသည်။



ထိုသို့ နေလောင်ဒဏ်ခံနိုင်သည့် ခရင်မ်လိမ်းခြယ်မှုမရှိ၍ အရေပြားကင်ဆာဖြစ်ပွားမှု တိုးပွားလာကြောင်း ဗြိတိသျှအရေပြားအထူးကုဆရာဝန်များအသင်းက ပြောကြားသည်။

ယင်းတို့သည် အမျိုးသမီး ၁၅၀၀တို့အား စစ်တမ်းကောက်ယူခဲ့ကြသည်။ ၂၂ ရာခိုင်နှုန်းမှာ ပူပြင်းသောနိုင်ငံများသို့ အားလပ်ရက်ခရီးထွက်ကြစဉ် နေလောင်ဒဏ်ခံသော ခရင်မ်လိမ်းခြယ်မှုမရှိဟု ဆိုသည်။ ယင်းတို့နောက် ၉၂ ရာခိုင်နှုန်းမှာ အနည်းဆုံး တစ်ကြိမ်နေလောင်ဒဏ်ခံရပြီး အများဆုံး ၁၀ ကြိမ်အထိ နေလောင်ဒဏ်ကြောင့် ဒဏ်ရာများကျန်ရစ်သည်ကို တွေ့ရသည်ဟု ဆိုသည်။ **(အင်တာနက်)**

အက်စပရင်သောက်သုံးခြင်းဖြင့် အူမကြီးကင်ဆာကာကွယ်နိုင်

လန်ဒန် မေ ၁

အက်စပရင်ဆေး နေ့စဉ်သောက်သုံးသော အူမကြီးကင်ဆာဝေဒနာရှင်များသည် ရောဂါကြောင့် သေဆုံးသည့်အခွင့်အလမ်းကို လျှော့ချနိုင်သည်ဟု ကျွမ်းကျင်သူများက ယုံကြည်လက်ခံထားကြကြောင်း ဧပြီ ၃၀ ရက်က သတင်းဖော်ပြသည်။

နယ်သာလန်နိုင်ငံတွင် နေထိုင်သည့် အူသိမ်အူမကြီးကင်ဆာဝေဒနာရှင် ၄၅၀၀၀ အားသုတေသနပြုခဲ့ရာမှ အထက်ပါအချက်ကိုတွေ့ရှိခဲ့ရကြောင်း ဗြိတိသျှကင်ဆာဂျာနယ်၌ ဖော်ပြထားသည်။ အက်စပရင်ကို နေ့စဉ် ၈၀ မီလီဂရမ်သောက်သုံးခြင်းဖြင့် အူမကြီးကင်ဆာ ပထမအဆင့်ကို ကာကွယ်နိုင်စွမ်းရှိကြောင်း၊ ၎င်းသည် ကင်ဆာကုထုံးတစ်ရပ်ပင်ဖြစ်လာကြောင်း၊ ကင်ဆာဖြစ်ပွားမှုကို နှေးကွေးသွားခြင်းသို့မဟုတ် ကင်ဆာပျံ့နှံ့မှုကို ကာကွယ်ပေးနိုင်ခြင်း တွေ့ရကြောင်းဖြင့်လည်း အဆိုပါသုတေသီများက ဆိုသည်။

ကာကွယ်ပေး

အူမကြီးကင်ဆာဖြစ်ပွားနေသူအများစုမှာ အက်စပရင်ဆေးကို **(အပေါ်ပုံ)** သောက်သုံးမှုမရှိဟု ဆိုသည်။ သို့သော်လည်း ၎င်းဆေးဝါးသည် သောက်သင့်သည့် ကင်ဆာဆေးဝါးတစ်လက်ဖြစ်သည်။ အက်စပရင်ကို သောက်သုံးခြင်းဖြင့် လေဖြတ်ခြင်းနှင့် နှလုံးရှုတ်တရက်ဖောက်ပြန်ခြင်းကိုပင် ကာကွယ်ပေးနိုင်သည်။ **(အင်တာနက်)**



ပန်ကရိယကင်ဆာကုနိုင်သည့် မျိုးဗီဇအသစ်တွေ့ရှိ

လန်ဒန် မေ ၁

ပန်ကရိယကင်ဆာမြစ်ပွားနာဖြစ်ပွားနေသော ဝေဒနာရှင်များအား ဆေးအုပ်စုအသစ်နှင့်အတူ ကုသပေးနိုင်ဖွယ်ရှိကြောင်း ဗြိတိသျှကင်ဆာသုတေသနဌာန၏ ပြောကြားချက်ကို ဧပြီ ၃၀ ရက်က အင်တာနက်သတင်းတွင်ဖော်ပြသည်။

ပန်ကရိယကင်ဆာသည် ရောဂါလက္ခဏာတွေ့ရှိပြီးနောက် လူငါးဦးလျှင် တစ်ဦး အသက်တစ်နှစ်ပိုရှည်ခဲသည့် ရောဂါဆိုးဖြစ်သည်။ ယင်းကင်ဆာဆဲလ်များကို ချေဖျက်နိုင်စွမ်းရှိသည့် မျိုးဗီဇတစ်မျိုးကိုတွေ့ရှိထားပြီဖြစ်ကြောင်း နေးချားဂျာနယ်၌ဖော်ပြထားသည်။ **(ဝဲပုံ)**

အဆိုပါမျိုးဗီဇနှင့် ဆက်စပ်ဖော်ထုတ်ထားသော ဆေးဝါးအုပ်စုအသစ်နှင့် ကုသကြည့်ရာ ကင်ဆာဆဲလ်များပျံ့နှံ့မှု ရပ်တန့်သွားစေသည်ကိုတွေ့ရကြောင်း ဗြိတိသျှသုတေသီများက ပြောကြားသည်။

ဗြိတိန်နိုင်ငံတွင် နှစ်စဉ် ပန်ကရိယကင်ဆာဖြစ်ပွားသူ ၇၈၀၀ ခန့်ရှိသည်။ ကင်ဆာရောဂါကြောင့် ပဉ္စမအများဆုံးသေဆုံးသည့်ရောဂါဖြစ်သည်။ USP9x ဟုခေါ်သော မျိုးဗီဇကို ကြွက်များနှင့်စမ်းသပ်ခဲ့ရာ ပန်ကရိယကင်ဆာဆဲလ်မျိုးပွားပျံ့နှံ့မှုကို ရပ်တန့်သွားစေကြောင်း တွေ့ရသည်ဟုဆိုသည်။ **(အင်တာနက်)**

ပို့ဆောင်နှုတ်ဆက်

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် H.E. Mr. BAN Ki- moon နှင့်ဇနီး Mrs. BAN Soon-taek ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာ

နေပြည်တော် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ရောက်ရှိနေသည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် H.E. Mr. BAN Ki- moon နှင့်ဇနီး Mrs. BAN Soon-taek ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ ၁၀ မိနစ်တွင် ကုလသမဂ္ဂအထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ နေပြည်တော်ကောင်စီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

"ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki-moon နှင့်ဇနီးတို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ" သတင်းကို စာမျက်နှာ ၉ တွင် ဖော်ပြထားပါသည်။

မြန်မာ့အလင်း နည်းပညာသိပ္ပံ

မီးဖိုချောင်သုံး စွန့်ပစ်ပစ္စည်းများ ဇီဝလောင်စာဆီ ထုတ်မည်

မြင့်မောင်စိုး-ရေးသားသည်

ဟန်ကျို့ မေ ၁

တရုတ်နိုင်ငံအရှေ့ပိုင်း ဇီကျန်းပြည်နယ်မှ သုတေသနသိပ္ပံပညာရှင်များသည် မီးဖိုချောင်သုံး စွန့်ပစ်ပစ္စည်းများအား ဇီဝလောင်စာဆီအဖြစ် ထုတ်လုပ်သည့် စီမံကိန်းတစ်ရပ်ကို စမ်းသပ်ဆောင်ရွက်နေကြောင်း ဧပြီ ၃၀ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အဆိုပါစီမံကိန်းသည် များပြားလှသော မီးဖိုချောင်သုံး စွန့်ပစ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာသည့်

စာမျက်နှာ ၁၀ ကော်လံ ၃ ▲

(၆၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုသတင်းဆောင်းပါး

မီးဘေးအန္တရာယ် စုပေါင်းကာကွယ်ကြမည်

သတင်းဆောင်းပါး-ရဲဗလကိုကိုလှိုင်၊ ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

နေပြည်တော် မေ ၁

မီးသည် လူတို့၏ မိတ်ဆွေဖြစ်သကဲ့သို့ ရန်သူလည်းဖြစ်နိုင်၏။ သုံးတတ်လျှင် မိတ်ဆွေကောင်းဖြစ်သကဲ့သို့ မသုံးတတ်လျှင် ကြီးစွာသော ရန်သူမည်၏။

ရှေးခေတ်လူသားတို့သည် အသားကို အစိမ်းစားသောဘဝမှ မီးဖြင့်ကင်၍စားခြင်း၊ ချက်ပြုတ်၍စားခြင်းက ပို၍အရသာရှိကြောင်း သိလာကြသည်။ မီးကိုအဖော်ပြု၍ အေးချမ်းသောရာသီဥတုကို ကာကွယ်လာနိုင်ကြောင်း သိလာသည်မှ အစပြုကာ လူသားနှင့်မီးသည် ကျွမ်းဝင်ရင်းနှီးလာခဲ့ကြသည်။

လူသားတို့သည် မီးကို အမျိုးမျိုးအသုံးချလာကြသည်မှာ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှသည် ယနေ့အိုင်တီခေတ်သို့တိုင်ခဲ့ပြီဖြစ်သည်။ ဤသို့ဖြင့် မီးသည် လူသားတို့၏ မိတ်ဆွေတစ်လှည့်၊ ရန်သူတစ်လှည့်ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံသည် မီးဘေးအန္တရာယ် ကာကွယ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ကို မြန်မာသက္ကရာဇ် ၄၀၆ ခုနှစ် ပုဂံမင်းလက်ထက် ကတည်းကပင် ဖွဲ့စည်းခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ မီးလောင်မှုအကြိမ်ပေါင်း ၂၅၇၃၃ ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၅၇၃၂၅၂၅၈၁၈၀ ရှိခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

ယနေ့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တွင် မီးသတ်ယာဉ်၊ ရေသယ်ယာဉ်၊ အထောက်အကူပြုယာဉ်နှင့် အပေါ့စားမီးသတ်စက် စုစုပေါင်း ၁၉၀၃ စီးအထိ ရှိလာပြီး မီးသတ်ဝန်ထမ်းနှင့် သန္နေမီးသတ်အင်အား လေးထောင်ကျော်၊ အရန်မီးသတ်အင်အား နှစ်သိန်းငါးသောင်းကျော်ဖြင့် ခိုင်မာတောင့်တင်းစွာ တည်ဆောက်ထားပြီးဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၃ ●

မီးခိုးငွေ့များကြားမှ စွန့်စွန့်စားစား မီးသတ်တပ်ဖွဲ့ဝင်များ။

လီဗာပူးနှင့် ချယ်လ်ဆီး အကြိတ်အနယ်ယှဉ်ပြိုင်မည့် အက်ဖ်အေဖလားဖိုင်နယ်ပွဲ

လန်ဒန် မေ ၁

လာမယ့် မေ ၅ ရက် ညပိုင်းမှာ ပရိသတ်တွေ စိတ်ဝင်စားနေတဲ့ အက်ဖ်အေဖလား ဗိုလ်လုပွဲကြီးကို ဝင်ဘလေကွင်းကြီးမှာ ကျင်းပတော့မှာပါ။ ဒီပြိုင်ပွဲမှာ ချန်ပီယံလိဂ်ဗိုလ်လုပွဲရောက်နေတဲ့ ချယ်လ်ဆီးအသင်းနဲ့ လီဗာပူးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြမှာပါ။ နှစ်သင်းစလုံးဟာ မကြာသေးမီက ပြိုင်ပွဲတွေကို အှံ့မခန်းဆင်နွှဲပြီး ဗိုလ်လုပွဲတက်ရောက်လာကြတာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းမှာ အဓိကကစားသမားတွေဖြစ်တဲ့ တောရက်စ်၊ ဒရော့ဘာ၊ ကာလူး၊ ဒေးဗစ်လုစ်၊ လမ်းပတ်၊ တယ်ရီတို့ ပါဝင်ကစားမယ်လို့ မျှော်လင့်ရပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၄ ❍

အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲတွင် စပါးနှင့် ချယ်လ်ဆီးတို့ ဤသို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

မီးဖို မီးကြွင်းမီးကျန်သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလတ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

(ဂ) မီးဖို မီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။ (မီးသတ်ဦးစီးဌာန)

2-5 (20).pmd 1 5/2/2012, 1:48 AM